# လက်ဖက်ဖျက်ပိုး

စစ်အုပ်စုကိုင်တွယ်သောလက်ဖက်ပြဿနာကြောင့် ဒုက္ခရောက်နေသော လက်ဖက်တောင်သူများ



**ဇူလိုင်လ ၂၀၀၉ ခုနှစ်**


**တအာင်း (ပလောင်) လုပ်ငန်းအဖွဲ့**

တအာင်းကျောင်းသားနှင့်လူငယ်များအစည်းအရုံး **TSYO**

ပလောင်အမျိုးသမီးအစည်းအရုံး **PWO**

ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး **PSLF**

# အစီရင်ခံစာ ရည်ရွယ်ချက်

မိမိတို့လက်ဖက်ပြဿနာစောင့်ကြည့်ရေးအလုပ်အဖွဲ့အနေဖြင့် လက်ဖက်ပြဿနာနှင့် ပတ်သက်၍ စစ်တမ်းကောက်၍ အစီရင်ခံစာ ထုတ်ဝေရခြင်းမှာ –

- ❖ လက်ဖက်ကို ရိုးရာအစားအစာဖြင့် နှစ်ပေါင်းများစွာ နှစ်နှစ်ခြိုက်ခြိုက်စားသုံးလာခဲ့ကြသော မြန်မာပြည်သူများအား ကျန်းမာရေးမထိခိုက်နိုင်သော လက်ဖက်များရရှိကာ ယုံကြည်စိတ်ချစွာပြန်လည် စားသုံးနိုင်ရန်၊
- ❖ လက်ဖက်လုပ်ငန်းတခုတည်းကိုသာ မှီခိုစားသောက်နေရသော လက်ဖက်တောင်သူများ၏ အခက်အခဲအကျပ်အတည်းကို တဖက်တလမ်းမှ ကူညီနိုင်ရန်၊
- ❖ လက်ဖက်ပြဿနာကိုအကြောင်းပြုပြီး ပြည်သူလူထုကျန်းမာရေးကို အထူးဂရုပြုသကဲ့သို့ ဟန်ပြလုပ်ဆောင်ကာ နိုင်ငံရေး အမြတ်ထုတ်သည့် နအဖ လုပ်ရပ်ကို အများပြည်သူများသိရှိစေရန်၊
- ❖ သတင်းအမှောင်ချထားခြင်းကြောင့် ပြည်သူလူထုနှင့် နိုင်ငံတကာမိသားစုများ မသိရှိနိုင်သောလက်ဖက်ပြဿနာ နှင့် နောက်ဆက်တွဲ ဆိုးကျိုးသက်ရောက်မှု သတင်းမှန်များကို စုစည်းဖော်ထုတ်ရန်၊
- ❖ အစီရင်ခံစာအား ပြည်သူအများနှင့် နိုင်ငံတကာမိသားစုအား တင်ပြခြင်းအားဖြင့် အဝါရောင်ဆိုးဆေးကြောင့် ဖြစ်လာသည့် ပြဿနာများအပေါ် အကောင်းဆုံးဖြေရှင်းနိုင်မည့် နည်းလမ်းများနှင့် ကူညီထောက်ပံ့မှုရရှိလာနိုင်ရန်

ရည်ရွယ်ပါသည်။

# မာတိကာ


| | စာမျက်နှာ |
|---|---|
| အစီရင်ခံစာရည်ရွယ်ချက် | - ၂ |
| သုတေသနပြုခဲ့ရာနေရာပြ မြေပုံ | - ၃ |
| ၁) အစီရင်ခံစာ အကျဉ်းချုပ် | - ၄ |
| ၂) လုပ်ရှားဆောင်ရွက်ခဲ့သော နည်းလမ်းများ | - ၅ |
| ၃) တအာင်း(ပလောင်)လူမျိုးနှင့် လက်ဖက်လုပ်ငန်း နောက်ခံသမိုင်းကြောင်း | - ၆ |
| ၄) လက်ဖက်လုပ်ငန်းပြဿနာ | - ၇ |
| – လက်ဖက်လုပ်ငန်းပြဿနာ အရင်းအမြစ်များ | - ၇ |
| – နအဖ ၏ ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်မှုများ | - ၉ |
| – အဝါရောင် ဆိုးဆေးနှင့် ပတ်သက်၍ စစ်အစိုးရ၏ လုပ်ဆောင်ဖြေရှင်းမှုများ | - ၁၁ |
| ၅) လက်ဖက်ပြဿနာ၏ နောက်ဆက်တွဲဆိုးကျိုးများ | - ၁၂ |
| – ဒေသခံ ပလောင်ပြည်သူများ အခြေနေ | - ၁၂ |
| – လက်ဖက်ရောင်းဝယ်မှုနှင့် ထုတ်လုပ်မှု အခြေအနေ | - ၁၅ |
| ၆) နိဂုံးချုပ်အကြံပြုချက် | - ၁၈ |
| ၇) နောက်ဆက်တွဲ | - ၁၉ |





ရည်ညွှန်းချက်

● စစ်တမ်းကောက်ယူခဲ့သည့် မြို့နယ်များ

စစ်တမ်းကောက်ယူခဲ့သည့် ပလောင်ဒေသရှိ မြို့နယ်များပြ မြေပုံ

# ၁) အစီရင်ခံစာ အကျဉ်းချုပ်

၂၀၀၉ ခုနှစ် မတ်လ ၁၂ ရက်နေ့တွင် နအဖ စစ်အုပ်စု၏ ကျန်းမာရေးဝန်ကြီးဌာန က လက်ဖက်တွင် ကျန်းမာရေးကို ထိခိုက်စေနိုင်သော ဓါတုဗေဒ ဆိုးဆေး အိုရာမင်းအို ပါဝင်သောကြောင့် စားသုံးရန်မသင့်ဟု ကြေညာပြီး ဆက်လက်ရောင်းချခြင်း မပြုရန် ပိတ်ပင်ခဲ့ပါသည်။ ပြည်သူလူထုတို့၏ ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်ရခြင်းဖြစ်သော်လည်း၊ နအဖအာဏာပိုင်တို့၏ မှားယွင်းသောစီမံခန့်ခွဲမှု၊ အကျင့်ပျက်လာဘ်စားမှု တို့ကြောင့် ပြည်သူလူထုတို့မှာ ကျန်းမာရေးအတွက် အန္တရာယ်ကင်းသည့် အစားအသောက်မရရှိသည့်ပြင် လက်ဖက်လုပ်ငန်းဖြင့် အဓိကအသက်မွေးဝမ်းကြောင်းပြုနေသော လက်ဖက်တောင်သူ ငါးသိန်းကျော်တို့မှာ ကြီးမားသော စီးပွားရေးအကျပ်အတည်းနှင့်ရင်ဆိုင်နေကြရသည်။

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာနမှ လက်ဖက်တွင် အဝါရောင်ဆိုးဆေး ပါဝင်သည်ကိုတွေ့ရှိသည်မှာ (၂) နှစ်ကျော်ရှိပြီဖြစ်သည်ဟု ထုတ်ဖော်ပြောဆိုခဲ့သော်လည်း ယခုမှ လက်ဖက်တွင် အဝါရောင်ဆိုးဆေး အသုံးပြုမှုရှိသည်ဟု ရုတ်တရက် ပိတ်ပင်တားဆီးပြီး လက်ဖက်များကို သိမ်းယူဖျက်ဆီးခဲ့သောကြောင့် လက်ဖက်ကုန်သည်များ၊ လက်ဖက်တောင်သူများမှာ ကျပ်ငွေ သိန်းထောင်ပေါင်းများစွာနစ်နာဆုံးရှုံးခဲ့ရပါသည်။ ထို့အပြင် လက်ဖက်လုပ်ငန်းဖြင့် ဆက်လက်အသက်မွေးဝမ်းကြောင်းပြုရန် အခက်အခဲများစွာရင်ဆိုင်ကြုံတွေ့နေကြရသည်။ ထိုကဲ့သို့ အာဏာပိုင်များ၏ တဘက်သတ်ဆောင်ရွက်မှုများကြောင့် ဖြစ်ပေါ်လာသော နစ်နာဆုံးရှုံးမှုများကို ယနေ့ချိန်ထိ မည်သည့်ကုစားမှုမျိုးမှ မပြုလုပ်သေးချေ။

နအဖစစ်တပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကြံ့ဖွံ့အဖွဲ့၊ အမျိုးသမီးရေးရာ၊ ပြည်သူ့စစ်နှင့် ဒေသခံအာပိုင်တို့သည် လက်ဖက်တွင် အဝါရောင်ဆိုးဆေး အသုံးပြုမှု ရှိမရှိကို လက်တွေ့စစ်ဆေးစမ်းသပ်ခြင်းမပြုဘဲ လက်ဖက်မှန်သမျှကို သိမ်းယူဖျက်ဆီးခဲ့ကြသည်။ အချို့နေရာဒေသများတွင် အာဏာပိုင်များနှင့်ဆက်စပ်သည့် (သို့မဟုတ်) ဆက်ဆံရေးပြေလည်သည့် ကုန်သည်များ၏ လက်ဖက်တို့မှာ သိမ်းယူဖျက်ဆီးခြင်းမခံရဘဲ နအဖ စစ်အုပ်စုတို့က ဘက်လိုက်ဆောင်ရွက်ခဲ့ကြပါသည်။

ပလောင်လူမျိုးတို့လက်ဖက်ဖြင့် အဓိကအသက်မွေးဝမ်းကျောင်းပြုရာဒေသများတွင် လက်ဖက်လုပ်ငန်းရှင်များ၊ လက်ဖက်တောင်သူများမှာ လက်ဖက်လုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှုများ ရပ်တန့်လုနီးပါးအခက်အခဲများ ကြုံတွေ့ရင်ဆိုင်ကြရသည်။ လက်ဖက်ထွက်ကုန်ဖြင့် အဓိကမှီခိုကြသော လက်ဖက်တောင်သူအများစုမှာ စီးပွားရေး၊ လူမှုရေးပြဿနာများ ရင်ဆိုင်နေကြရပြီး လက်ဖက်တောင်သူအနည်းဆုံး သုံးသိန်းကျော်မှာစားသောက်ဖွယ်ရာ ဆန်၊ ဆီ၊ ဆားများကိုပင် ပုံမှန်ဝယ်ယူ စားသောက်ခြင်း မပြုနိုင်တော့ပေ။ လက်ဖက်တောင်သူ ထောင်ပေါင်းများစွာတို့မှာ အခြားဒေသများတွင် ရွှေ့ပြောင်းအလုပ်ရှာဖွေကြရပြီး၊ သားသမီးများကိုလည်း ပညာဆက်လက်သင်ယူစေရန် မထောက်ပံ့နိုင်တော့ဘဲ အခက်အခဲများစွာနှင့် ကြုံတွေ့နေကြရပါသည်။

ထိုကဲ့သို့ နအဖ စစ်အုပ်စု၏ တရားမဲ့လုပ်ရပ်များကြောင့် နောက်ဆက်တွဲဆိုးကျိုးများကို ဆိုးရွားစွာခံစားနေကြရသော လက်ဖက်တောင်သူများ၊ ကုန်သည်လုပ်ငန်းရှင်များရှိရာ နမ့်ဆန်၊ မန်တုန်နှင့် နမ့်ခမ်း အစရှိသောမြို့နယ်များအပြင် ကျောက်မဲ၊ မန္တလေးနှင့် ရန်ကုန်မြို့ကြီးများရှိ စားသုံးသူနှင့်ကုန်သည်များကို မိမိတို့ တအာင်း(ပလောင်)အလုပ်အဖွဲ့မှ ကိုယ်တွေ့သွားရောက်တွေ့ဆုံမေးမြန်း သုတေသနပြုခဲ့ပါသည်။ နှစ်လတာ ကာလအတွင်း လူတွေ့မေးမြန်းမှု ၁၅၀ ကျော် ပြုလုပ်ခဲ့ပြီး ရရှိလာသော သတင်းအချက်အလက်များဖြင့် ဤအစီရင်ခံစာကို ရေးသားပြုစုခဲ့ပါသည်။

ထိုနောက် လက်ဖက်ပြဿနာကြောင့် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အဘက်ဘက်တွင် အတိဒုက္ခရောက်နေသော လကဖက်တောင်သူများ၏ ဘဝဖြစ်ရပ်မှန်အချက်အလက်များကို အာဏာပိုင်များအပါအဝင် အများပြည်သူလူထုနှင့် နိုင်ငံတကာမိသားစုတို့ သိရှိနားလည်နိုင်ရန် ဤအစီရင်ခံစာကို ထုတ်ဝေခြင်းဖြစ်သည်။ လက်ဖက်ပြဿနာကြောင့် ပလောင်ပြည်သူလူထုတို့၏ ထိခိုက်နစ်နာဆုံးရှုံးမှုများကို သိရှိခြင်းအားဖြင့် လက်ဖက်တောင်သူများရင်ဆိုင်နေရသော ပြဿနာအကျပ် အတည်းကို အကောင်းဆုံးဖြေရှင်းနိုင်မည့် နည်းလမ်းများအား ဘက်ပေါင်းစုံစဉ်းစားချင့်ချိန် လုပ်ဆောင်ရာတွင် များစွာ အကျိုးပြုနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

# ၂) အစီရင်ခံစာအတွက် လှုပ်ရှားဆောင်ရွက်ခဲ့သောနည်းလမ်းများ

ဤအစီရင်ခံစာ ထုတ်ဝေနိုင်ရန်အတွက် မိမိတို့ တအာင်း(ပလောင်) နိုင်ငံရေးအင်အားစုများဖြစ်သည့် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး၊ ပလောင်အမျိုးသမီးအစည်းအရုံးနှင့် တအာင်းကျောင်းသားနှင့်လူငယ်များအစည်းအရုံးတို့မှ အစည်းအဝေးများ အကြိမ်ကြိမ်ပြုလုပ်ကာ ဆွေးနွေးတိုင်ပင်၍ နည်းလမ်းများ ရှာဖွေခဲ့ကြပါသည်။ ထို့နောက် မိမိတို့အင်အားစုမှ စုဖွဲ့ထားသည့် တအာင်း(ပလောင်)လုပ်ငန်းအဖွဲ့မှ နအဖစစ်အုပ်စု ကိုင်တွယ်သည့် လက်ဖက်ပြဿနာနောက်ဆက်တွဲဆိုးကျိုးများကို စနစ်တကျစောင့်ကြည့်လေ့လာခဲ့ပါသည်။

ထိုကဲ့သို့ လက်ဖက်နှင့်ပတ်သက်သည့် သတင်းအချက်အလက်အမှန်များကို ရရှိအောင် ကောက်ခံရာတွင် လက်ဖက် အဓိကထွက်ရှိရာ နမ့်ဆန်၊ မန်တုန်နှင့် နမ့်ခမ်း အစရှိသောမြို့နယ်များသို့ သွားရောက်ကာ လက်ဖက် ပြဿနာတွင် တိုက်ရိုက်ပါဝင်ပတ်သက်နေသော လက်ဖက်တောင်သူများ၊ ကုန်သည်များ၊ ဒေသခံအာဏာပိုင်များကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ထိုသို့ကောက်ခံရာတွင် အာဏာပိုင်များ၏အရေးယူဆောင်ရွက်မှုများကိုလည်း သိရှိနိုင်ရန်အတွက် လက်ဖက်ထွက်ရှိရာ နမ့်ဆန်၊ မန်တုန်နှင့် နမ့်ခမ်းမြို့နယ်များအပြင် လက်ဖက်ထွက်ကုန်များကို အဓိက တဆင့်ခံဖြန့်ဖြူးရာ ကျောက်မဲ၊ မန္တလေးနှင့် ရန်ကုန်ကဲ့သို့သောမြို့ကြီးများပေါ်ရှိ လက်ဖက်ပွဲရုံ ကုန်သည်လုပ်ငန်းရှင်များနှင့် စားသုံးသူပြည်သူလူထုများထံမှလည်း သတင်းအချက်အလက်များ ရယူခဲ့ပါသည်။

မိမိတို့အင်အားစု ရဲဘော်ရဲမေများအနေဖြင့် လက်ရှိကြုံတွေ့နေရသော လက်ဖက်ပြဿနာကြောင့် အကြီးအကျယ်ဒုက္ခရောက်နေသော လက်ဖက်တောင်သူများကို ကိုယ်တိုင်သွားရောက်တွေ့ဆုံပြီး လက်ဖက်ပြဿနာ နောက်ဆက်တွဲ ဆိုးကျိုးများဖြစ်သည့် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အစရှိသည့်ပြဿနာများကို လက်တွေ့ကျကျမေးမြန်းကောက်ခံခဲ့သည်။ ထိုကဲ့သို့ မေးမြန်းကောက်ခံရာမှ ရရှိလာသော သတင်းများအပေါ် အခြေခံ၍ မိမိတို့ ပလောင်အင်အားစုများက ကျွမ်းကျင်သူပညာရှင်များနှင့် တိုင်ပင်ကာ လက်ဖက်ပြဿနာနှင့် နောက်ဆက်တွဲဆိုးကျိုး သက်ရောက်မှု သတင်းအချက်အလက်မှန်များကို အများပြည်သူတို့ သိရှိလေ့လာပြီး ဝိုင်းဝန်းကူညီဖြေရှင်းနိုင်ရန် ယခုအစီရင်ခံစာကို ရေးသားပြင်ဆင်ထုတ်ဝေခြင်းဖြစ်သည်။

၂၀၀၉ ဧပြီလ မှ မေလ ထိ လက်ဖက်နှင့် ပတ်သက်၍ ကောက်ယူခဲ့သော စစ်တမ်းများ ပြဇယား

| စဉ်။ | မေးမြန်းခဲ့သည့် လူပုဂ္ဂိုလ်များ | နမ့်ဆန်မြို့ (ဦးရေ) | မန်တုန်မြို့ (ဦးရေ) | နမ့်ခမ်းမြို့ (ဦးရေ) | ကျောက်မဲမြို့ (ဦးရေ) | အခြားမြို့များ (ဦးရေ)* | စုစုပေါင်း (ဦးရေ) |
|---|---|---|---|---|---|---|---|
| ၁။ | လက်ဖက်ခြံပိုင်ရှင် | ၂၀ | ၈ | ၁၀ | ၁ | – | ၃၉ |
| ၂။ | လက်ဖက်စို နှင့် အချိုခြောက် စက်ရုံပိုင်ရှင် | ၇ | ၃ | – | ၅ | – | ၁၅ |
| ၃။ | ကုန်သည် ပွဲစား နှင့် ပွဲရုံပိုင်ရှင် | ၅ | ၂ | ၂ | ၄ | ၂ | ၁၅ |
| ၄။ | လက်ဖက် အဝယ်ကိုယ်စားလှယ် | ၈ | ၄ | ၃ | – | – | ၁၅ |
| ၅။ | စားသုံးသူ | ၅ | ၃ | ၅ | ၁၂ | ၁၀ | ၃၅ |
| ၆။ | လက်ဖက်ခူး သမား | ၈ | ၆ | ၅ | – | – | ၁၉ |
| ၇။ | စက်ရုံအလုပ်သမား | ၅ | ၃ | – | ၃ | – | ၁၁ |
| ၈။ | ဒေသခံ အာဏာပိုင် | ၅ | ၃ | ၂ | ၃ | – | ၁၃ |
| | စုစုပေါင်း | ၆၃ | ၃၂ | ၂၇ | ၂၈ | ၁၂ | ၁၆၂ |

* ရန်ကုန်၊ မန္တလေး အစရှိသည့် လက်ဖက်ထွက်ကုန်များကို ထပ်ဆင့်ဖြန့်ဝေ ရောင်းဝယ်ကြသည့်မြို့များ။

# ၃) တအာင်း (ပလောင်) လူမျိုးနှင့် လက်ဖက်လုပ်ငန်း နောက်ခံသမိုင်းကြောင်း

တအာင်းလူမျိုးတို့သည် ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့နယ်၊ မန်တုံမြို့နယ်၊ ကျောက်မဲမြို့နယ် အနောက်ဖက်ခြမ်း၊ သီပေါမြို့ အနောက်ဖက်ခြမ်း၊ မိုးကုတ်မြို့နယ်၊ မိုးမိတ်မြို့နယ်၊ နမ္မတူမြို့၊ လားရှိုးမြို့နယ် အနောက်ခြမ်း၊ ကွတ်ခိုင်မြို့နယ်၊ နမ့်ခမ်းမြို့နယ်နှင့် မူဆယ်မြို့နယ် အနောက်ခြမ်းတွင် အဓိကနေထိုင်ကြသည်။ ထို့ပြင် ရှမ်းပြည်နယ်တောင်ပိုင်း ကွန်ဟိန်း၊ အောင်ပန်း၊ ကလော၊ ပင်လောင်း နှင့် ဟိုပုံး အစရှိသော မြို့နယ်များတွင်လည်း နေထိုင်ကြသည်။ မြန်မာပြည် စစ်အာဏာရှင်စံနစ်လက်အောက်သို့ ကျရောက်ခဲ့သည့် ၁၉၆၂ ခုနှစ် နောက်ပိုင်းမှစ၍ အမျိုးသားလွတ်မြောက်ရေး လက်နက်ကိုင်လှုပ်ရှားမှု၊ နိုင်ငံရေးလှုပ်ရှားမှုများကို ယနေ့ကာလအချိန်ထိတိုင် နှစ်ပေါင်းများစွာ ဆက်လက် လှုပ်ရှားနေလျှက်ရှိသည်။

တအာင်းလူမျိုးတို့သည် မြင့်မားသော တောင်တန်းများပေါ်တွင် အေးချမ်းစွာနေထိုင်ရင်း "လက်ဖက်အစ ပလောင်က" ဟူ၍ ခံယူကာ လွန်ခဲ့သော ရာစုနှစ်ပေါင်းများစွာမှ ယနေ့အထိ ဘိုးစဉ်ဘောင်ဆက် လက်ဖက်ဖြင့် အဓိက အသက်မွေးဝမ်းကြောင်းပြုနေသော လူမျိုးစုတစ်ခုဖြစ်သည်။ လူဦးရေ ငါးသိန်းကျော်နေထိုင်သော ပလောင်ဒေသသည် မြန်မာတပြည်လုံးအတွက် နှစ်စဉ်လိုအပ်သော လက်ဖက်စို၊ လက်ဖက်ခြောက်၊ အချိုခြောက်နှင့် လက်ဖက်အလှော်ခြောက်များ အဓိကထုတ်လုပ်ပေးနေသည့် နေရာဒေသ တစ်ခုလည်းဖြစ်သည်။ အရည်အသွေးပြည့် လက်ဖက်ခြောက်များကို နမ့်ဆန်၊ မန်တုန်၊ နမ့်ခမ်း၊ ကွတ်ခိုင် အစရှိသည့် ပလောင်လူမျိုးများ နေထိုင်ရာဒေသမှ နှစ်စဉ်ထုတ်လုပ်ပြီး၊ အရသာကောင်းသော လက်ဖက်စိုများကို နမ့်ဆန်မြို့နယ် တောင်ကြောတလျှောက်ရှိ ပလောင်ရွာများမှအဓိကထုတ်လုပ်လျှက်ရှိပြီး ဇယန်းရွာထွက်လက်ဖက်မှာ ထင်ရှားသည်။

လက်ဖက်ခြောက်နှင့် လက်ဖက်စိုပြုလုပ်ပုံတို့အား အနည်းငယ်ဖော်ပြလိုပါသည်။ လက်ဖက်ခြောက်လုပ်ရန် ခူးဆွတ်လာသော လက်ဖက်ရွက်စိမ်းများကို ရေနွေးငွေ့အသုံးပြု၍ ပေါင်းချောင်တွင်ထည့်ပေါင်းရမည်။ ပေါင်းပြီး လက်ဖက်ရွက်များ လိတ်စေရန်နှင့် အဖန်ဓာတ်လျှော့စေရန်အတွက် လက် (သို့) စက်ဖြင့် လိမ့်ပေးရသည်။ ပြီးလျှင် နောက်နေ့မနက်စောစောပိုင်းတွင် ဖျားပေါ်တွင်ဖျန့်၍ နေပူလှမ်းပေးရပြီး ခြောက်သွားသော လက်ဖက်များအား အမာ နှင့် အပွ (ရွက်နု နှင့် ရွက်ရင့်) ခွဲပေးရပါသည်။ ၄င်းခွဲပြီးသော လက်ဖက်ခြောက်များအား စကာချထုတ်ပိုးပြီး ဈေးကွက်တို့ တင်ပို့ရောင်း ချကြရသည်။

လက်ဖက်စိုပြုလုပ်နည်းမှာ လက်ဖက်ရွက်များအား ခူးယူ၍ ရေနွေးငွေ့နှင့်ပေါင်းကား လိမ့်ပြီး (တချို့မြေကျင်းထဲ ထား၍ တချို့ အပြင်တွင်ထား) ဝါးဖြင့်ရက်လုပ်ထားသည့် ပုတ်ထဲသို့ထည့်ထားရသည်။ သတ်မှတ်အချိန်ကာလ ရောက်မှသာလျှင် ပုတ်အတွင်းမှထုတ်ယူ၍ ဈေးကွက်သို့တင်ပို့ရောင်းချ ကြရသည်။ မြန်မာပြည်သူလူထုတို့သည် လက်ဖက်ရည်သောက်ခြင်း၊ လက်ဖက်သုပ်စားခြင်းတို့ကို ရှေးအစဉ်အဆက်ကတည်းကပင် ရိုးရာဓလေ့ထုံးတမ်း သဖွယ်စားသောက်လာခဲ့ကြသည်။ တိုင်းရင်းသားပြည်သူတို့၏ မင်္ဂလာအခမ်းအနားပွဲလမ်းသဘင်တို့တွင် လက်ဖက်မှာ မပါမဖြစ်သော ရိုးရာအစားအသောက်တခုဖြစ်သည်။ လက်ဖက်ရည်ကြမ်း (Green Tea) ကို ပုံမှန်သောက်ခြင်းအားဖြင့် ကျန်းမာရေးကိုအထောက်အကူဖြစ်စေပြီး ကင်ဆာ၊ ကျောက်ကပ် အစရှိသော ရောဂါ များကို ပျောက်ကင်းသက်သာစေပါသည်။

မိမိတို့ ပလောင်လူမျိုးများ အနေဖြင့် (၅) လကျော် (၆) လထိ လက်ဖက်လုပ်ငန်းအား လုပ်ကိုင်ကြသည်ဆိုသော်လည်း လက်ဖက်အထွက်နှုန်းမှန်ပြီး ကုန်ဈေးနှုန်းတည်ငြိမ်မျှတသော နှစ်ကာလမျိုးတွင် အခြေခံအားဖြင့် အဓိက သုံးလ တာကြာမြင့်သည့် လက်ဖက်ရာသီထွက်ကုန်တခုတည်းဖြင့် နှစ်ပတ်လည်အောင် နေထိုင်စားသောက်နိုင်ကြသည်။ ပလောင်လူမျိုး အနည်းငယ်သာလျှင် ရွှေ့ပြောင်းတောင်ယာလုပ်ငန်း လုပ်ကိုင်ကြသည်။ လမ်းပန်းဆက်သွယ်ရေးဆိုးဝါးညံ့ဖျင်းမှု၊ လွတ်လပ်စွာကုန်သွယ်ခွင့်ရှိသည်ဟုဆိုသော်လည်း စစ်အာဏာပိုင်များ၏ နိုင်ငံရေးအရ လိုအပ်သလို ကုန်စည်ဖလှယ်မှုများအား ပိတ်ဆို့မှုများနှင့် ဖွံ့ဖြိုးရေးအပိုင်းတို့တွင် လုံလောက်သော ကူညီပံ့ပိုးမှုများ မရှိခြင်းကြောင့် တိုးတက်ပြောင်းလဲနေသော လက်ရှိကာလအချိန်မျိုးတွင် လက်ဖက်ထွက်ရှိရာ ပလောင်ဒေသမှာ အခြားဒေသနှင့် နှိုင်းယှဉ်လျှင် တိုးတက်မှု အလွန်နှေးကွေးပြီး ဆန်စပါး၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများကို အခြားဒေသမှ ခက်ခက်ခဲခဲတင်သွင်းကြရပြီး ဈေးကြီး ပေးဝယ်နေရဆဲဖြစ်သည်။

# ၄) လက်ဖက်လုပ်ငန်းပြဿနာ

## ၄–၁) လက်ဖက်လုပ်ငန်းပြဿနာ အရင်းအမြစ်များ

၂၀၀၉ ခုနှစ် မတ်လ ၁၂ ရက်နေ့တွင် နအဖစစ်အုပ်စု၏ ကျန်းမာရေးဝန်ကြီးဌာနက လက်ဖက်တွင် ပြည်သူလူထု၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သော ဓါတုဗေဒဆိုးဆေးများ ပါဝင်သောကြောင့် စားသုံးရန်မသင့်ဟု ကြေညာပြီး ဆက်လက် ရောင်းချခြင်းမပြုရန် ပိတ်ပင်ခဲ့ပါသည်။ ပြည်သူလူထုတို့၏ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်ရခြင်းဖြစ်သော်လည်း၊ လက်ဖက်လုပ်ငန်းဖြင့် ခက်ခဲကြမ်းတမ်းစွာအသက်မွေးဝမ်းကြောင်းပြုနေရသော ပလောင်ပြည်သူများမှာ ကံဆိုးမိုးမှောင်ကျမှုများ စုပြုံကျရောက်ခဲ့ရပြီး စားဝတ်နေရေးအတွက် ကြီးမားသောအခက်အခဲများကို ဆက်တိုက် ရင်ဆိုင်နေကြရပါသည်။

ယနေ့ကာလ ပလောင်မိဘပြည်သူတို့ရင်ဆိုင်နေရသော လက်ဖက်လုပ်ငန်းပြဿနာ၏ အရင်းအမြစ်ကို သေချာခွဲခြမ်း စိပ်ဖြာ သုံးသပ်ကြည့်လျှင် –

(က) နအဖ စစ်အုပ်စု ၏ မှားယွင်းသောစီမံခန့်ခွဲမှု

(ခ) အာဏာပိုင်များနှင့်ဆက်နွယ်သည့် စီးပွားရေးသမားများ၏ လက်ဝါးကြီးအုပ်မှု

(ဂ) လမ်းပန်းဆက်သွယ်ရေး ခက်ခဲကြမ်းတမ်းမှု

(ဃ) အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို ဖွံ့ဖြိုးတိုးတက်စေရန် ထိမ်းကျောင်းကာကွယ်မည့် အသင်းအဖွဲ့မရှိမှု

ဟူ၍ ရှင်းလင်းစွာ တွေ့မြင်ကြရမည်ဖြစ်သည်။

## (က) နအဖ စစ်အုပ်စု ၏ မှားယွင်းသောစီမံခန့်ခွဲမှု

နအဖ စစ်အုပ်စုသည် လက်ဖက်လုပ်ငန်း၏သဘောသဘာဝနှင့် အခက်အခဲများကို သေချာစွာ စစ်ဆေးသုံးသပ်ခြင်း မပြုဘဲ အထက်မှအောက်သို့စီးဆင်းသည့် စစ်အမိန့်အာဏာဖြင့် လက်ဖက်ဆိုးဆေးပြဿနာကို ရုတ်တရက် ကိုင်တွယ်ဖြေရှင်းခဲ့ သည်။ လက်ဖက်တွင် အန္တရာယ်ရှိသောအဝါရောင် ဆိုးဆေးကို မည်သူတို့က သုံးစွဲနေသည်၊ ထို မတရားသည့်နည်းလမ်းဖြင့် အရောင်ဆိုး၍ အကျိုး စီပွားအမြတ်ရရှိသူမှာ မည်သူဖြစ်သည်၊ ထိုကဲ့သို့ အန္တရာယ်ရှိသော ဆိုးဆေးကိုမသုံးရန် မည်ကဲ့သို့ တားမြစ်ရမည်ကို သေချာစွာကွင်းဆင်းလေ့လာ ခြင်း မပြုလုပ်ဘဲ လက်ဖက်တွင် လူကို အန္တရာယ် ရှိစေသော အဝါရောင်ဆိုးဆေး သုံးစွဲခြင်းကြောင့် ဆက်လက်ရောင်းချခွင့်ကို ပိတ်ပင်ပြီး အရေးယူ ဆောင်ရွက်မှုများပြုလုပ်မည်ဟု တဘက်သတ် ကြေငြာခဲ့သည်။



# လက်ဖက်နှင့်ပတ်သက်၍ အများပြည်သူများသိရှိရန် အသိပေးကြေညာချက်

**ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန် စဉ်ဆက်မပြတ် စစ်ဆေးလျက်ရှိသည်။**

ဈေးကွက်များတွင် ရောင်းချလျက်ရှိသော လက်ဖက်များကို ဓာတ်ခွဲစစ်ဆေးရာ အောက်ဖော်ပြပါ လက်ဖက်အမှတ်တံဆိပ်များ၌ အစားအသောက်တွင် သုံးစွဲရန်ခွင့်မပြုသော အဝါရောင်ဆိုးဆေး(Auramine O) ပါဝင်ကြောင်း တွေ့ရှိရသည်။

Auramine O သည် ချည်၊သိုးမွေး၊ပိုး၊ထည်၊စက္ကူ၊သားရေများကို အရောင်ဆိုးသော ဓာတုပစ္စည်းဖြစ်ပါသည်။ စားသုံးသူများကို လတ်တလော အဆိပ်အတောက်မဖြစ်စေသော်လည်း ရေရှည်တွင် အသည်းနှင့် ကျောက်ကပ်ရောဂါဖြစ်စေခြင်း၊ ခန္ဓာကိုယ်ကြီးထွားမှုကို ထိခိုက်စေခြင်း၊ ကင်ဆာရောဂါဖြစ်စေခြင်းတို့ကြောင့် Auramine O ပါဝင်သော လက်ဖက်များသည် စားသုံးရန် မသင့်ကြောင်း အသိပေးအပ်ပါသည်။

**အစားအသောက်တွင် သုံးစွဲရန် ခွင့်မပြုသော အဝါရောင်ဆိုးဆေး (Auramine O) တွေ့ရှိရသည့် အမှတ်တံဆိပ်/လုပ်ငန်းများနှင့် လက်ဖက်အမျိုးအစားများ**

| စဉ် | အမှတ်တံဆိပ်/လုပ်ငန်း | လက်ဖက်အမျိုးအစားများ |
|---|---|---|
| ၁။ | ရွှေခြင်္သေ့တံဆိပ် | လက်ဖက်အသား၊ချဉ်စပ်လက်ဖက် |
| ၂။ | ပဒေသာလုပ်ငန်း | လက်ဖက်အသား |
| ၃။ | မျိုးတံဆိပ် | ချဉ်စပ် |
| ၄။ | မတင်ပိုင်တံဆိပ် | လက်ဖက်အသား၊ကြက်ခြေနီနှပ် |
| ၅။ | အောင်ပွင့်ဖူးလုပ်ငန်း | လက်ဖက်အသား |
| ၆။ | ရွှေပြည်စံတံဆိပ် | လက်ဖက်အသား |
| ၇။ | ရွှေပြည်တန်တံဆိပ် | လက်ဖက်အသား |
| ၈။ | လမင်းတံဆိပ် | လက်ဖက်အသား၊ချဉ်စပ်လက်ဖက် |
| ၉။ | ဝင်းလုပ်ငန်း | လက်ဖက်အသား |
| ၁၀။ | ငွေတောင်တန်းတံဆိပ် | လက်ဖက်ဆီနှပ် |
| ၁၁။ | ပင်ပျိုရွက်နုလုပ်ငန်း | လက်ဖက်အသား |
| ၁၂။ | ချစ်မမတံဆိပ် | လက်ဖက်နှပ် |
| ၁၃။ | ရွှေညီနောင်လုပ်ငန်း | လက်ဖက်အသား |
| ၁၄။ | အောင်ဆင်မင်းတံဆိပ် | လက်ဖက်ဆီနှပ်နှင့်အကြော်စုံ |
| ၁၅။ | ပလောင်ပျိုမေတံဆိပ် | လက်ဖက်နှင့်အကြော်စုံ |
| ၁၆။ | အောင်သပြေတံဆိပ် | လက်ဖက်အသား |
| ၁၇။ | ထိပ်တန်းအောင်လုပ်ငန်း | လက်ဖက်အသား |
| ၁၈။ | နေလတံဆိပ် | ချဉ်စပ် |
| ၁၉။ | မရွှေယုတံဆိပ် | ဇယန်းအညွန့်နှပ်အစပ် |
| ၂၀။ | စိန်ဝေလျှံတံဆိပ် | လက်ဖက်နှပ် |
| ၂၁။ | မြင့်မိုရ်လုပ်ငန်း | လက်ဖက်အသား |
| ၂၂။ | စမ်းမင်းတံဆိပ် | ချဉ်စပ်လက်ဖက် |
| ၂၃။ | သုခိတာလုပ်ငန်း | လက်ဖက်အသား |
| ၂၄။ | ရွှေနတ်သားလုပ်ငန်း | လက်ဖက်အသား |
| ၂၅။ | ငြိမ်းငြိမ်းတံဆိပ် | လက်ဖက်အသား၊ချင်းချဉ်စပ်၊ လက်ဖက်ချဉ်စပ် |
| ၂၆။ | ရွှေတုတ်တံဆိပ် | မိုးကုတ်လက်ဖက်ညွန့်နှင့် အကြော်စုံ၊ မိုးကုတ်လက်ဖက်ချဉ်စပ်နှင့် အကြော်စုံ၊ မိုးကုတ်လက်ဖက်ရှူရှဲနှင့်အကြော်စုံ |
| ၂၇။ | မြသီဒါတံဆိပ် | လက်ဖက်အသား၊ချဉ်စပ်လက်ဖက်၊ ဇယန်းနှပ် |
| ၂၈။ | သီဟစိုးလုပ်ငန်း | လက်ဖက်အသား |
| ၂၉။ | ကျော်ကျော်မိုးတံဆိပ် | လက်ဖက်အသား၊ချဉ်စပ်လက်ဖက် |
| ၃၀။ | သိန်းတစ်ရာလုပ်ငန်း | လက်ဖက်အသား |
| ၃၁။ | ရည်မွန်တံဆိပ် | ချဉ်စပ် |
| ၃၂။ | ဖိုးလမင်းလုပ်ငန်း | လက်ဖက်အသား |
| ၃၃။ | ဗေဒါရွှေကြာတံဆိပ် | ချင်းချဉ်စပ်လက်ဖက် |
| ၃၄။ | ရွှေရိုးမွန်တံဆိပ် | ဇယန်းအညွန့်အချို၊ ဇယန်းအညွန့်ချဉ်စပ်၊ ရှူရှဲလက်ဖက် |
| ၃၅။ | မနဝလုပ်ငန်း | လက်ဖက်အသား |
| ၃၆။ | ရွှေကြိုးကြာရွှေကြိုးကြာလုပ်ငန်း | လက်ဖက်အသား |
| ၃၇။ | ရွှေအိုးကြီးတံဆိပ် | ရှူရှဲလက်ဖက်နှပ်၊ ရှူရှဲလက်ဖက်အကြော်စုံ၊ လက်ဖက်နှပ် |
| ၃၈။ | ဝင့်ဝါဦးတံဆိပ် | ချဉ်စပ်လက်ဖက် |
| ၃၉။ | အရိုးတောင်းတံဆိပ် | လက်ဖက်အသား၊ ချဉ်စပ် |
| ၄၀။ | သိန်းသန်းတံဆိပ် | လက်ဖက်အသား၊ ချဉ်စပ် |
| ၄၁။ | ပလောင်လေးတံဆိပ် | ဇယန်းလက်ဖက်နှပ် |
| ၄၂။ | ပုလဲရတနာတံဆိပ် | လက်ဖက်ဆီနှပ်အချို |
| ၄၃။ | မွှေ့မွှေ့လေးတံဆိပ် | လက်ဖက်နှင့် အကြော်စုံချဉ်စပ်၊ လက်ဖက်ချဉ်စပ် |

**ကျန်းမာရေးဝန်ကြီးဌာန**

မတ်လ ၁၂ ရက်နေ့ထုတ် နအဖ သတင်းစာပါ ဆိုးဆေးသုံးလက်ဖက်စာရင်း

ထိုကဲ့သို့ တဘက်သတ်ကြေငြာပြီးနောက် လက်တွေ့ဆောင်ရွက်ရာတွင်လည်း အဝါရောင်ဆိုးဆေးနှင့်လက်ဖက်အကြောင်းကိုကောင်းမွန်စွာနားလည်သောသူများဖြင့် အရေးယူဆောင်ရွက်ခြင်း မဟုတ်ဘဲ ဒေသခံ စစ်တပ်၊ ရဲ၊ ကြံ့ခိုင်ဖွံ့ဖြိုးရေး၊ မီးသတ် တပ်ဖွဲ့၊ အမျိုးသမီးရေးရာ အစရှိသည့် နအဖ ထောက်တိုင်များဖြင့် လက်ဖက်ကုန်သည်များတွင်ရှိသော လက်ဖက်မှန်သမျှကို သိမ်းဆည်းဖျက်ဆီး ခဲ့ကြသည်။ အချို့လက်ဖက်သားများမှာ နဂိုမူရင်း အရည်အသွေးကောင်းပြီး အဝါရောင်သမ်းနေသော်လည်း အရေးယူခြင်း ခံကြရပြီး၊ အာဏာပိုင်များနှင့် ဆက်စပ်သည့် အချို့လုပ်ငန်းရှင်များမှာမူ ကင်းလွတ်ခွင့်ရရှိကြသည်။ လက်ဖက်စက်ရုံများသည် လက်ဖက်ဈေးကွက်သို့တင်ပို့သည့်လက်ဖက်များတွင် ထိုဆိုးဆေးများကို အသုံးပြုပြီး ရောင်းဝယ်နေသည်ကို စတင်တွေ့ရှိ

ခဲ့သည်မှာ နှစ်နှစ်ကျော်ရှိပြီဟု နအဖ အာဏာပိုင်များကိုယ်တိုင် ဝန်ခံပြောဆိုခဲ့သော်လည်း မည်သည့် ကြိုတင်စုံစမ်း စစ်ဆေး သတိပေးမှုများမျှ မပြုလုပ်ခဲ့ချေ။

ကျန်းမာရေးကာကွယ်ရန်အကြောင်းပြချက်ဖြင့် အဝါရောင်ဆိုးဆေး Auramine O ပါ လက်ဖက်များကို ပိတ်ပင်လိုက်သည်မှာ ပြည်သူလူထု၏ ကျန်းမာရေးအတွက်ကောင်းမွန်သည်ဟု ယူဆရသော်လည်း၊ လက်တွေ့ဖြစ်ရပ်များတွင်မူ အကျင့်ပျက် လာဘ်စားသော နအဖ စစ်အုပ်စု၏ စီမံအုပ်ချုပ်မှုနှင့် ဘက်လိုက်သော ဥပဒေအကောင်အထည်ဖော် ကျင့်သုံးမှုများကြောင့် ပြည်သူလူထုများမှာ အမှန်တကယ်ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာရရှိနိုင်လိမ့် မည်မဟုတ်ပေ။ လက်ဖက် ပြဿနာကို ဖြေရှင်းရာတွင် ယခုကဲ့သို့ တဘက်သတ်အမိန့်များ ထုတ်ပြန်ကြေငြာပြီး အရေးယူယုံမျှဖြင့် ပြဿနာဖြေရှင်းမသွားနိုင်ပါ။

ပြည်သူလူထုတို့ အန္တရာယ်ကင်းသည့် လက်ဖက်များစားသုံးနိုင်ရန် လက်တွေ့ကျသောစီမံချက်များနှင့် နစ်နာသူ လက်ဖက် တောင်သူများအတွက် သင့်လျော်သည့် ကုစားမှုများပြုလုပ်ပေးနိုင်မှသာလျှင် တာဝန်ခံမှုရှိသော အာဏာပိုင်တို့၏ လုပ်ဆောင် ချက်ဖြစ်လာပြီး မျှတကောင်းမွန်သော စီမံခန့်ခွဲမှုဖြစ်နိုင်မည်။ ထိုကြောင့် နအဖ စစ်အုပ်စု၏ လက်ဖက်ပြဿနာ ကိုင်တွယ်ရာ တွင် လက်ဖက်ကိုမှီခိုအားထားနေရသော လက်ဖက်တောင်သူများ၊ လက်ဖက်ကို နေ့စဉ်စားသုံးကြသော မိဘပြည်သူများ အန္တရာယ်ကင်းသောအစားအစာ ရရှိနိုင်ရန်အတွက် တစုံတရာလက်တွေ့ကျသော စီစဉ်ပြင်ဆင်မှုများကို အမှန်တကယ် မပြု လုပ်ဘဲ ပြည်သူလူထု၏ ကျန်းမာရေးအားအချိန်မှီကာကွယ်ရန်ဟူ၍ အကြောင်းပြပြီး စစ်အုပ်စုမှ လက်ဖက်ပြဿနာအား နိုင်ငံရေးအမြတ်ထုတ်ကာ မှားယွင်းစွာ တဘက်သတ်ကိုင်တွယ်စီမံခန့်ခွဲခဲ့သည်။

## (ခ) အာဏာပိုင်များနှင့်ဆက်နွယ်သည့် စီးပွားရေးသမားများ၏ လက်ဝါးကြီးအုပ်မှု

နအဖ စစ်အုပ်စု၏ လက်ရှိကျင့်သုံးနေသည့် စီးပွားရေးစံနစ်အရ အာဏာပိုင်များနှင့် အဆက်စပ်ရှိသော လုပ်ငန်းရှင်များမှာ စီးပွားရေးလုပ်ငန်းရပ်အသီးသီးကို လက်ဝါးကြီးအုပ်စိုးမိုးထားကြသည်။ လက်ဖက်လုပ်ငန်းတွင်လည်း နအဖနှင့်ပတ်သက်သည့် လုပ်ငန်းရှင်များကသာ လက်ဖက်ဈေးကွက်နှင့် လက်ဖက်လုပ်ငန်းတခုလုံးကို စိတ်တိုင်းကျ ထိန်းချုပ်ထားကြသည်။ နအဖ၏ တပ်မတော်အချိုခြောက် လက်ဖက်စက်ရုံသည် လက်ဖက်ဈေးကွက်ကို အစိုးရအမိန့်ဖြင့် သတ်မှတ်ထိန်းချုပ်ထားပြီး မည်သည့် ပုဂ္ဂလိကကုန်သည်မှ သတ်မှတ်ဈေးကို ချိုးဖောက်၍ရောင်းဝယ်မှုမပြုလုပ်နိုင်ပေ။ ထို့ပြင် အစိုးရကန့်သတ်ကုန် သတ်မှတ်ချက် များကြောင့် နအဖ စစ်အုပ်စုနှင့် ပေါင်းသင်းဆက်ဆံ ပြေလည်သည့် ကုန်သည်များသာ ကုန်ပစ္စည်းသယ်ဆောင်ခွင့် တရားဝင် မျှောစာ ရရှိ သောကြောင့် ထိုသူများသာ ပလောင်ဒေသ၏ လက်ဖက်နှင့် အခြားစားသောက်ကုန်ပစ္စည်းဈေးကွက်တို့ကို စိတ်တိုင်းကျ ချယ်လှယ်ထိန်းချုပ်ခွင့်ရရှိကြသည်။



ပလောင်ဒေသ ကားလမ်း မြင်ကွင်း

နအဖ စစ်အုပ်စုမှ မန္တလေး–လားရှိုး ကားလမ်းဝန်းကျင်ရှိ အများ ပြည်သူတို့၏လယ်ယာမြေများသိမ်းယူပြီး လူမျိုးခြားလုပ်ငန်းရှင်များ ကို လက်ဖက်စိုက်ခင်းများ ဧက ထောင်ပေါင်းများစွာ တိုးချဲ့စိုက်ပျိုး ကာ လက်ဖက်ထုတ်လုပ်လာခြင်းသည်လည်း ထို လူမျိုးခြားလုပ်ငန်း ရှင်များက လက်ဖက်ဈေးကွက်ကို ချယ်လှယ်ခွင့်ပြုထားခြင်း ပင်ဖြစ် သည်။ ရင်းနှီးမြှုပ်နှံမှုအင်အားကြီးသည့် ထိုလုပ်ငန်းရှင်များသည် နအဖ အလိုကျ ဒေသဖွံ့ဖြိုးရေးကို ဟန်ပြလုပ်ဆောင်ရင်း လက်ဖက် ဈေးကွက်ကို ထိန်းချုပ်ချယ်လှယ်လာကြသည်။

## (ဂ) လမ်းပန်းဆက်သွယ်ရေး ခက်ခဲကြမ်းတမ်းမှု

နွေရာသီကားလမ်းသာရှိသောပလောင်ဒေသသည် လမ်းပန်းဆက် သွယ်ရေးခက်ခဲကြမ်းတမ်းခြင်းတို့ကြောင့် အခြားဒေသနှင့် နှိုင်းယှဉ်လျှင် ပလောင်ဒေသဖွံ့ဖြိုးတိုးတက်မှုမှာ များစွာနောက်ကျ ကျန်ရစ်နေလျှက်ရှိသည်။ လက်ဖက်ထွက်ကုန် တမျိုးတည်းသာရှိ၍ ဆန်စပါး၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများကို အခြားဒေသမှ အဓိက မှီခိုအားထားနေရသော ပလောင်ဒေသသည် လမ်းပန်းဆက်သွယ်ရေးပျက်လေ့ရှိသည့် မိုးရာသီကာလ

တွင် ပလောင်လူမျိုးတို့၏ မြို့တော် နမ့်ဆန်မြို့မှာ မြန်မာပြည်တွင် ကုန်ဈေးနှုန်းအမြင့်ဆုံးမြို့တမြို့ဖြစ်သည်။ ဆန်စပါးနှင့် စားသောက်ကုန်များကို ယာဥ်၊ နွား၊ မြင်း အဆင့်ဆင့်ဖြင့်သယ်ယူရခြင်း၊ အစိုးရကန့်သတ်ကုန်သတ်မှတ်ချက်များကြောင့် ဂိတ်ဖြတ်သန်းခွင့်မရခြင်းတို့သည် ကုန်ဈေးနှုန်း အဆမတန်မြင့်မားစေပြီး လက်ဖက်တောင်သူများ အကျပ်အတည်း ရင်ဆိုင်ရခြင်း၏ တရားခံများပင်ဖြစ်သည်။

## (ဃ) အသက်မွေးဝမ်းကြောင်းလုပ်ငန်းကို ဖွံ့ဖြိုးတိုးတက်စေရန် ထိမ်းကျောင်းကာကွယ်မည့် အသင်းအဖွဲ့မရှိမှု

မြန်မာပြည်သူတရပ်လုံးအတွက် လက်ဖက်ထွက်ကုန်များ ထုတ်လုပ်ရာတွင် ကုန်ပစ္စည်းအရည်အသွေးနှင့် ဈေးကွက်များကို မျှတမှန်ကန်မှုရှိစေရန် ကြီးကြပ်မည့် လွတ်လပ်သည့်လက်ဖက်ကုန်သည်အသင်း၊ လက်ဖက်လုပ်ငန်းရှင် အသင်းများ ရှိသင့်ပါသည်။ ထိုကဲ့သို့ လက်ဖက်လုပ်ငန်းရှင်များ၊ လက်ဖက်တောင်သူများဖြင့် လွတ်လပ်စွာဖွဲ့စည်းထားသော လူမှုအသင်းများကသာလျှင် လက်ဖက်ကိုမှီခိုနေရသော လက်ဖက်တောင်သူများ၏အကျိုးစီးပွားကို ကာကွယ်နိုင်မည်ဖြစ်ပြီး၊ လက်ဖက်စားသုံးသူ ပြည်သူများအတွက်လည်း ကျန်းမာရေးမထိခိုက်စေမည့် အရည်အသွေးကောင်းမွန်သည့် လက်ဖက်များကို သက်ဆိုင်ရာ အာဏာပိုင်များနှင့်အတူ ကြီးကြပ်ကွပ်ကဲနိုင်မည်ဖြစ်သည်။

ယခု ပလောင်ဒေသအတွင်းရှိ လက်ဖက်ကုန်သည်များအသင်းတွင် ပါဝင်ကြသောသူများ၏ ထက်ဝက်ကျော်မှာ အာဏာပိုင်များနှင့် တိုက်ရိုက်သော်လည်းကောင်း၊ တွယ်ဝိုက်၍သော်လည်းကောင်း ပတ်သက်ဆက်စပ်နေသောသူများဖြစ်ကြသည်။ ပမာဏ အနည်းငယ်ခန့်သာ အင်အားကြီးလက်ဖက်ကုန်သည်များပါဝင်သဖြင့် လက်ဖက်တောင်သူများ၏ အကျိုးစီးပွားကို မကာကွယ်နိုင်ဘဲ လုပ်ငန်းရှင်များနှင့် နအဖ စစ်အုပ်စုတို့၏ကိုယ်ကျိုးစီးပွားကိုသာ လုပ်ဆောင်နေကြသည်။ ထို လက်ဖက်ကုန်သည်များအသင်း၏ အကြီးအကဲမှာ နမ့်ဆန်မြို့နယ်ရှိ တပ်မတော်လက်ဖက်စက်ရုံမှူး ဗိုလ်ကြီးသန်းထွန်း ဖြစ်ပြီး၊ ထိုသူသည် ကိုယ်ပိုင်လက်ဖက်စက်ရုံလည်းဖွင့်လှစ်ထားသည်။ လက်ဖက်ဈေးကွက်ကို လက်ဝါးကြီးအုပ်ထိန်းချုပ်ရေး ကိုသာအဓိက လုပ်ဆောင်ကြပြီး၊ လက်ဖက်တောင်သူများသက်သာချောင်ချိရေး၊ ဈေးကွက်မြင့်တင်ထိန်းသိမ်းရေး၊ လက်ဖက်အရည်အသွေး ထိန်းသိမ်းရေး များပြုလုပ်ခြင်းမရှိချေ။

## ၄–၂) နအဖ ၏ ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်မှုများ

အရီးတောင်း၊ ပင်ပျိုးရွက်နု အပါအဝင်အခြား လက်ဖက်အမှတ်တံဆိပ် စုစုပေါင်း (၄၃) မျိုးအား လူကိုအန္တရာယ် ဖြစ်စေနိုင်သည့် အဝါရောင်ဆိုးဆေး **Auramine O** အသုံးပြုထားကြောင်းနှင့် ယင်းဆိုးဆေးများသည် ချည် ထည်၊ သိုးမွေး၊ စက္ကူနှင့် သားရေများတွင် ဆိုးသော ဆိုးဆေးဖြစ်နေခြင်းကြောင့် အသည်း၊ ကျောက်ကပ် တို့အား ဒုက္ခဖြစ်စေခြင်း၊ ခန္ဓာကိုယ်ကြီးထွားမှုကို ထိခိုက်စေနိုင်သည့်အပြင် ကင်ဆာရောဂါများ ဖြစ်ပွားစေနိုင်သည်ဟု ဆိုကာ မတ်လ (၁၂) ရက်နေ့တွင် စစ်အာဏာရှင်၏ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန **(FDA)** ၏ ညွှန်ကြားရေးမှူး ဒေါက်တာ ကျော်လင်း မှ စားသုံးရန် မသင့်ကြောင်းကြေငြာခဲ့ပါသည်။

မတ်လ (၂၉) ရက်နေ့တွင်လည်း ဆိုးဆေးပါဝင်၍ စားသုံးရန်မသင့် ဟုဆိုကာ လက်ဖက်အမှတ်တံဆိပ် (၅၇) မျိုးအား ထပ်မံပိတ်ပင်ခဲ့သောကြောင့် စုစုပေါင်း အမှတ်တံဆိပ် (၁၀၀) အပိတ်ခံလိုက်ရသည်။ ၎င်းတို့နှင့် ပဏာသင့်သည့် ယုဇန နှင့် အခြားလက်ဖက်တံဆိပ်များအား ပိတ်ပင်တားမြစ်ခြင်း မရှိပါ။ အပိတ်ပင်ခံရသော လက်ဖက်အမှတ်တံဆိပ်ပိုင်ရှင်များ၏ လက်တွင်းနှင့် ဈေးကွက်တို့ရောက်ရှိပြီးဖြစ်သောကုန်ပစ္စည်းများကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနမှ ရုပ်သိမ်းဖျက်ဆီးခဲ့ကြသည်။



နအဖ တို့ လက်ဖက်စိုများကိုဖျက်ဆီးနေပုံ၊ ပြည်တွင်း **Weekly eleven** ဂျာနယ်မှ ပြန်လည်ကူးယူဖော်ပြသည်။

ယင်းကဲ့သို့ ကြေငြာပြီးနောက် စင်ကာပူနိုင်ငံမှလည်း ၎င်းသို့ထံ တင်သွင်းသော မြန်မာလက်ဖက် အမှတ်တံဆိပ် (၂၀) အား **Auramine O** ပါဝင်၍ တားမြစ်ပိတ်ပင်ခဲ့သည်။ စင်ကာပူအစိုးရမှ ယုဇန အမှတ်တံဆိပ်အပါအဝင် နအဖ မှ တားမြစ်ပိတ်ပင်ခြင်း မရှိသော အမှတ်တံဆိပ် (၈) ခု အား ထပ်မံတားမြစ် ပိတ်ပင်ခဲ့ခြင်းဖြစ်သည်။ အပိတ်ခံရသော လက်ဖက် အမှတ်တံဆိပ်တစ်ခု၏ တာဝန်ခံမှ ‘ဆေးဆိုးတာတော့ ကျနော်တို့ပဲ မဟုတ်ပါဘူး၊ အန္တရာယ်ရှိမှန်းမသိလို့ အကုန်လုံး ဆိုးဆေးသုံးနေကြတာပါ၊ ဒီအထဲမှာဆို ယုဇန တံဆိပ်နဲ့ အခြားနာမည်ရတံဆိပ်တွေမပါဘူး၊ တကယ်သွားစစ်ဆေးရင်တော့ ဆိုးဆေးပါတာတွေ့မှာဘဲ’ ဟု စစ်အုပ်စု၏ ဘက်လိုက်မှုကို ထုတ်ဖော် ပြောပြခဲ့သည်။

ထိုသို့ဖျက်ဆီးရာတွင် နမ့်ဆန်မြို့နယ်အတွင်းရှိ ဒေသခံလက်ဖက်တောင်သူများနှင့် ကုန်သည်များသိုလှောင်ထားသော လက်ဖက် ပိဿာချိန် နှစ်သိန်းကျော်ဖျက်ဆီးခဲ့ကြပြီး ကာလပေါက်ဈေးအရ ကျပ်ငွေသိန်း (၄၀၀၀) ကျော် ဆုံးရှုံးခဲ့သည်။ အောက်ဖော်ပြပါ ကုန်သည်များမှာ အများဆုံးဖျက်ဆီးခံခဲ့ရသည်။

- ဦးအေးသာ အိတ်ပေါင်း (၉၀၀) ပိဿာချိန် (၅၀,၀၀၀)ကျော် ခန့်မှန်းခြေတန်ဖိုး ကျပ်သိန်းပေါင်း( ၈၀၀ )ကျော်၊
- ဦးမင်းချင်း အိတ်ပေါင်း ( ၈၀၀ )ကျော် ပိဿာချိန်ပေါင်း ( ၄၅,၀၀၀ ) ကျော် တန်ဖိုးကျပ်သိန်ပေါင်း ( ၇၀၀ ) ကျော်။
- ဦးတာဒါင်း အိတ်ပေါင်း ( ၆၇၀ )၊ ပိဿာချိန်ပေါင်း (၄၀,၀၀၀ ) ခန့် မှန်းခြေတန်ဖိုး ကျပ်သိန်းပေါင်း ( ၅၈၀ ) ခန့်။

ဖျက်ဆီးခံရသော လက်ဖက်အများစုမှာ ဆေးဝါသုံးစွဲမှုရှိမရှိ စုံစမ်းစစ်ဆေးခြင်းမပြုဘဲ လက်ဖက်မှန်သမျှ သိမ်းယူဖျက်ဆီးခြင်းကိုခံခဲ့ကြရသည်။ နေပြည်တော်မှ ညွှန်ကြားချက်အရသာ လက်ဖက်များကို ဖျက်ဆီးခဲ့ကြပြီး နမ့်ဆန်၊ ကျောက်မဲ အစရှိသည့် သက်ဆိုင်ရာဒေသများတွင် ဆိုးဆေးပါမပါ စစ်ဆေးသည့် ဌာနနှင့် လုပ်ငန်းစဥ်များမရှိပေ။

သို့သော် နအဖ အာဏာပိုင်များနှင့်ဆက်စပ်သည့် ဗိုလ်ကြီးသန်းထွန်း၊ ဦးခွန်ပွင့်၊ ပြည်သူ့စစ်ခေါင်းဆောင်ထွန်းမြတ်လေးနှင့်ယင်းတို့နှင့်ပတ်သက်သည့်လုပ်ငန်းရှင်များ၏ လက်ဖက်များမှာ ဖျက်ဆီးခြင်းမခံရပေ။ ဖျက်ဆီးရန် သိမ်းဆည်းသည့်အချိန်တွင် အခြားလက်ဖက်များနှင့်အတူ သိမ်းဆည်းခဲ့သော်လည်း ဖျက်ဆီးသည့်အချိန်တွင် ထိုသူများပိုင်သည့်လက်ဖက်အချို့ကိုသာ ဖျက်ဆီးခဲ့သည်။



**ဖျက်ဆီးရန်အတွက် ကွင်းပြင်တွင် စုပုံထားသော လက်ဖက်စို အိတ်များ**

ထိုပြင် နမ့်ဆန် မယကဥက္ကဋ္ဌမှလည်း ၎င်း၏ အစည်းဝေးတွင် “ဆိုးဆေးပါသော လက်ဖက် ဆက်လက်သိုလှောင်ထားခြင်း၊ လက်ဖက်စိုထဲ ဆိုးဆေးဆက်လက်ထည့်ခြင်း တွေ့ရှိပါက ထောင်ဒဏ် (၃) နှစ်ချမည်” ဟု လက်ဖက်တောင်သူများ၊ ကုန်သည်ပွဲစားများအားပြောခဲ့ပြီး ယခုချိန်ထိ နစ်နာ ဆုံးရှုံးမှုအတွက် တစ်စုံတရာ ကူညီပံ့ပိုးပေးခြင်းမရှိသေးပေ။

နမ့်ဆန်မြို့နယ်၌ ဆိုးဆေးပါလက်ဖက်များအား ဖျက်ဆီးရာတွင် အဓိက ဦးလုပ်ဆောင်သည့် ဌာနများမှာ မယက ဥက္ကဋ္ဌနှင့်အဖွဲ့၊ ရဲစခန်း၊ ကျန်းမာရေး၊ ပြည်သူ့စစ်၊ စစ်တပ်တို့ဖြစ်ပြီး၊ လူပုဂ္ဂိုလ်အနေဖြင့် မယကဥက္ကဋ္ဌ ဦးသန်းလွင်၊ ဗိုလ်ကြီးသန်းထွန်း၊ ပြည်သူ့စစ်ခေါင်းဆောင် ဦးထွန်းမြတ်လေး၊ ခလရ (၃၂၄) မှ ဗိုလ်မှူးကြီးတင်အောင်လွင်၊ နယ်ထိန်း ဝင်းဇော်မြင့်၊ ဆေးရုံဆရာဝန်ကြီး နှင့် ရယကတို့အတူ နောက်လိုက်အဖွဲ့ဝင်တွေပါဝင်ဆောင်ရွက်ခဲ့ကြသည်။

မန်တုံမြို့နယ်နှင့် နမ့်ခမ်းမြို့နယ်အတွင်းရှိ လက်ဖက်စားသုံးသူများ၊ လက်ဖက်တောင်သူများနှင့် ကုန်သည်များမှာမူ အဝါရောင်ဆိုးဆေး အော်ရာမင်း (အို) နှင့်ပတ်သက်၍ ပညာပေးခြင်းများနှင့် လာရောက်စစ်ဆေးမှုများ မပြုလုပ်သည့်အပြင် လက်ဖက်အတွင်း အဝါရောင်ဆိုးဆေး ပါဝင်ကြောင်းသတင်းစာအတွင်း ထည့်မကြေညာခင်နှင့် ကြေငြာပြီး နောက်ပိုင်းတွင်လည်း တစုံတရာ အသိပေးနှိုးဆော်မှုများ ယခုချိန်ထိပြုလုပ်ခြင်းမရှိသေးပေ။ နမ့်ခမ်းမြို့နယ်ရှိ လက်ဖက်ကုန်သည် (၅) ဦး၏ လက်ဖက်များ လားရှိုးအဝင် ရေပူဂိတ်တွင် ဖမ်း၍ အဖျက်ဆီးခံခဲ့ကြရပြီး လက်ဖက်ပွဲရုံ ပိုင်ရှင် (၂) ဦးသာလျှင် ပွဲရုံပြန်ဖွင့်နိုင်ခဲ့ကြသည်။



နမ့်ဆန်မြို့ရှိ ကုန်သည်အချို့၏ လက်ဖက်များကို ဖျက်ဆီးရန်အတွက် အာဏာပိုင်များသိမ်းယူစဉ်

လက်ဖက်ပွဲရုံအများအပြားရှိသည့် ကျောက်မဲမြို့၌ လက်ဖက် အစိုစက်ရုံအား ဇွန်လနောက်ပိုင်းတွင် လာရောက်စစ်ဆေးမည်ဟု ကုန်စည်ဒိုင်ဥက္ကဋ္ဌပြောပြခဲ့ပါသည်။ ဧပြီလနှင့် မေလတွင် ကုန်စည်ဒိုင်မှ လက်ဖက်နှင့်ပတ်သက်၍လုပ်ငန်းရှင်ကြီးများ၊ စက်ရုံပိုင်ရှင်များအား အစည်းအဝေးခေါ်ခဲ့ပြီး သက်ဆိုင်ရာအာဏာပိုင်များ လာရောက်စစ်ဆေးမှုမရှိမီ လက်ဖက်များကို ဖျက်ဆီးခဲ့သည်။ စုစုပေါင်းလက်ဖက်အိတ် (၆၀၀) မြေမြှုပ်ခြင်း၊ ရွာသို့ ပြန်လည်တင်ပို့ပြီး မြေသြဇာလုပ်ခိုင်းခြင်းများ ပြုလုပ်ခဲ့ပြီး ၎င်း လက်ဖက်များမှာ သက်တမ်းကြာပြီး လက်ဖက်များဟု ဥက္ကဋ္ဌမှ ပြောကြားခဲ့သည်။

ကျောက်မဲမြို့ရှိအပိတ်ခံရသည့် သက်တမ်းကြား လက်ဖက်ဆိုင်ပိုင်မှာလည်း 'ဒီလိုပါပဲ ဒီနှစ်ကတော့ အရောင်းပါးတယ်၊ ဝယ်လက်ကျတယ် ဒါတောင်လက်လီနော်၊ ပြီးတော့ ဆိုးဆေးနဲ့ပတ်သက်လို့ ဂျာနယ်မှာ တောင်ပါလာသေးတယ်၊ တစ်ယောက်ကမှ လာပြီးတော့မစစ်ဆေးကြည့်ဘဲနဲ့ ဆိုင်နာမည်ကိုအပိတ်ခံရတဲ့အထဲ ထည့်ထားတယ်။ ဆိုင်ကိုလာပြီး သတိပေးခဲ့သေးတယ်၊ ဒီလိုပါဘဲ မပြောချင်တော့ဘူး ဒီအုပ်ချုပ်မှုအောက်မှာ ရှိနေတော့' ဟုပြောပြသည်။

'မြန်မာတွေရဲ့ နေ့စဉ်စားသုံးမှုမှာပါတဲ့ လက်ဖက်ကို ဆိုးဆေးတွေပါတယ်ဆိုပြီး အခုမှ FDA ထကြေညာတယ်ဆို တော့ အရင်ကမစစ်ခဲ့လို့လား။ ဒါမှမဟုတ် နောက်ပိုင်းမှ ဆေးဆိုးလာကြတာလား။ ဘာမှသဲသဲကွဲကွဲ မသိရဘူး။ ဘာဖြစ်လည်းဆိုတော့ FDA ဌာနရှိတာလည်းကြာပြီလေ။ လက်ဖက်ဆိုတာလည်းကျနော်တို့ ရိုးရာအစားအသောက်အဖြစ် စားတာကြာလှပြီ။ အခုမှတွေ့တယ်ပြောတယ်။ ဘာ့ကြောင့်လဲ။ ဆက်သွယ်မေးမြန်းတော့လည်း အတွေ့မခံဘဲရှောင်နေတယ်။ သတင်းစာပါကြေညာသာပဲ သတင်းရေးလို့ရတယ်။ ပြည့်ပြည့်စုံစုံ မလုပ်နိုင်ဘူး ဖြစ်နေတယ်' ဟု အဝါရောင်ဆိုးဆေးနှင့် ပတ်သက် ၍ ရှင်းရှင်းလင်းလင်း လုပ်ဆောင်မှုမရှိကြောင်းကို ပြည်တွင်း သတင်းထောက် တစ်ဦးက ပြောကြားခဲ့သည်။

## ၄–၃) အဝါရောင် ဆိုးဆေးနှင့် ပတ်သက်၍ စစ်အစိုးရ၏ လုပ်ဆောင်ဖြေရှင်းမှုများ

လက်ဖက်အဝါရောင်ဆိုးဆေးနှင့် ပတ်သက်၍ လားရှိုးတိုင်းမှူး နှင့် ဒေသခံအာဏာပိုင်များက ၎င်းတို့နယ်မြေအတွင်း လက်ဖက်စားသုံးသူ၊ လက်ဖက်ခြံပိုင်ရှင်၊ လက်ဖက်စိုလုပ်ငန်းရှင်၊ လက်ဖက်ခြောက်လုပ်ငန်းရှင်၊ အချိုခြောက်လုပ်ငန်း ရှင်စသည့်ကိုယ်စားလှယ်များအားခေါ်ယူပြီး အစည်းအဝေးပြုလုပ်ကြပါသည်။ သို့သော် စစ်အစိုးရအနေဖြင့် ဥပဒေ ထုတ်ပြန်မှုများ ပြုလုပ်ပြီး ၎င်းတို့၏ နစ်နာချက်နှင့် ဆိုးဆေးနှင့်ပတ်သက်သည့်အပိုင်းတွင်လည်း ပညာရှင်များနှင့် ယနေ့ထိတိုင် ထိရောက်သည့် ပညာပေးဆွေးနွေးခြင်းများ တစုံတရာလုပ်ဆောင်ပေးမှု မတွေ့ရှိရဘဲ လစ်လျူရှုထားကြသည်။

လားရှိုးမြို့တွင် လက်ဖက်အထွက်တိုးစေရန်အတွက် ပညာပေးဆွေးနွေးမှုများပြုလုပ်ပေးသည်ဟု မေလ (၂၈) ရက်နေ့ ထုတ် စစ်အစိုးရ၏ သတင်းစာတွင် ဖော်ပြထားသော်လည်း အဝါရောင်ဆိုးဆေးနှင့် ပတ်သက်၍ တစုံတရာ လုပ်ဆောင်ဆွေးနွေး

ပေးမှုများနှင့် လက်ဖက်တောင်သူများကြုံတွေ့နေရသော လက်ရှိပြဿနာများကိုဖြေရှင်းနိုင်မည့် နည်းလမ်းများ ဆွေးနွေးခဲ့ခြင်း မရှိပေ။ FDA မှ ညွှန်ကြားရေးမှူး ဒေါက်တာ ကျော်လင်းမှ 'လောလောဆယ် ၁၀ မျိုးလောက်ရှိမယ် ထောက်ခံချက်ထုတ်ပေးတာ။ အမျိုးအစားတွေက ဆိုင်ကြီးမှာရောင်းနေတဲ့ပစ္စည်းတွေဘဲ။ ပစ္စည်းမှာ ထောက်ခံချက်တွေထည့်ရိုက်ထားတယ်။ ကျန်တဲ့ အမျိုးအစားတွေကိုလဲ ထောက်ခံချက်တောင်းမှ ကျနော်တို့ကစစ်တာ' ဟု ဇူလိုင်လ (၉)ရက်နေ့တွင်ဖော်ပြပြီး အချို့လက်ဖက် အမှတ်တံဆိပ်များကို ပြန်လည်ရောင်းချခွင့်ပြုခဲ့ပါသည်။

အဓိကလက်ထုတ်လုပ်သည့် လက်တောင်သူများမှာ အဝါရောင်ဆိုးဆေးနှင့် ပတ်သက်၍ မသိရှိကြသည့်အပြင် ၎င်း၏ ဆိုးကျိုးများ၊ လူသားများအတွက် ရေရှည်အန္တရာယ်ဖြစ်စေနိုင်သည့်အကြောင်းအား ၎င်းတို့ တစ်စုံတစ်ရာ မသိကြပေ။ ထို့ကြောင့် အစိုးရသည် လက်ဖက်တွင် ဆိုးဆေးပါကြောင်းကို အထောက်အထားနှင့်တကွ ဖျက်ဆီးသင့်သည်များအား ဖျက်ဆီးလိုက်သကဲ့သို့ လက်ဖက်များ ဆိုးဆေးမသုံးသင့်ကြောင်းနှင့် အဝါရောင်ဆိုးဆေးများ၏ ဆိုးကျိုးများကို လူထုများအား ထိထိရောက်ရောက် ပညာပေးမှုများ ယနေ့အချိန်ထိ မပြုလုပ်သေးချေ။

# ၅) လက်ဖက်ပြဿနာ၏ နောက်ဆက်တွဲဆိုးကျိုးများ

## ၅–၁) ဒေသခံ ပလောင်ပြည်သူများအခြေနေ

### (က) စီးပွားရေးကျပ်တည်းမှု



ဈေးကွက်ပျက်၍ အလုပ်သမားမဲ့နေသည့် နမ့်ဆန်ရှိ လက်ဖက်စက်ရုံ

လက်ဖက်လုပ်ငန်းဖြင့် အဓိကအသက်မွေးဝမ်းကြောင်းပြုကြသော ပလောင်လူမျိုးတို့သည် လက်ဖက်ရာသီစတင်သည့် မတ်လ ကုန်ပိုင်းမှ၍ ဩဂုတ်လကုန်အထိ ပုံမှန်ဝင်ငွေများဖြင့် စားဝတ်နေရေး အဆင်ပြေလေ့ရှိကြသည်။ သို့သော် ၂၀၀၉ ခုနှစ် လက်ဖက်ရာသီတွင် လက်ဖက်ဈေးကွက်ပျက်သဖြင့် လက်ဖက်တောင်သူများ၊ အခြားစားသောက်ကုန်ရောင်းဝယ်သည့်သူများမှာ ငွေကြေးလည်ပတ်မှုမရှိတော့ဘဲ အခက်အခဲများနှင့် ရင်ဆိုင်နေကြရသည်။ လက်ဖက်တောင်သူများမှာ သိုလှောင်ထားသော လက်ဖက်များ ဖျက်ဆီးခံရခြင်း၊ လက်ဖက်ဈေးကွက် ပျက်သဖြင့် ကြိုတင်ငွေများကြောင့်အကြွေးပိုများလာခြင်း၊ လက်ဖက်ဝယ်သူ မရှိသလောက်နည်းပါးခြင်း၊ အခြားစားသောက်ကုန်ပစ္စည်း ဈေးနှုန်းများ အဆမတန်မြင့်တက်ခြင်းတို့နှင့် ရင်ဆိုင်နေကြရပါသည်။ ပလောင်ဒေသရှိ လက်ဖက်တောင်သူ အနည်းဆုံး သုံးသိန်းကျော်မှာ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆားတို့ကို ယခင်ကဲ့သို့ ပုံမှန်ဝယ်ယူခြင်းမပြုနိုင်ကြဘဲ လုပ်ငန်းရှင်ကုန်သည်များထံ အကြွေးနွံနစ်နေကြရသည်။

မိမိတို့အဖွဲ့မှ လူတွေ့မေးမြန်းခဲ့သည့် လက်ဖက်တောင်သူတိုင်းသည် စားဝတ်နေရေးပြဿနာနှင့် ရင်ဆိုင်နေကြရပြီး ကုန်သည်လုပ်ငန်းရှင်များထံ အကြွေးတင်နေကြရသည်။ လက်ဖက်ခြောက်ပြုလုပ်ရာတွင် ငွေအရင်းအနှီးမရှိခြင်းကြောင့် လက်ဖက်တောင်သူထက်ဝက်ကျော်တို့မှာ ငွေတိုးများဖြင့် စားသောက်ကြရသည်။ "*ရှက်စိမ်းသွင်းရင်တော့ ကျမတို့အတွက် သက်သာပါတယ်။ ရှက်စိမ်းသွင်းပြီးရင် တနေ့သာရတဲ့ လက်ဖက်ဖိုးကို ဆန်၊ ဆီတို့ တခါတည်းယူလို့ရပါသေးတယ်။ အခုတော့ လက်ဖက်ခြောက်လုပ်တော့ (၃–၄) ရက် လောက်မှသာ ရောင်းလို့ရတာဖြစ်တဲ့အတွက် ငွေတိုးနဲ့ကြိုတင်ချေးထားပြီးမှ စားရတာပေါ့*" ဟူ၍ လက်ဖက်ခြံပိုင်ရှင်တဦးမှ ပြောပြခဲ့သည်။ **လက်ဖက်ခြံပိုင်ရှင် – အင်တာဗျူး အမှတ် ၂၃**

လက်ဖက်တောင်သူများမှာ လက်ဖက်ရာသီမဟုတ်သော ရာသီတွင် ကုန်သည်၊ လုပ်ငန်းရှင်ကြီးထံ ကြိုတင်ငွေယူထားပြီး ဆန်၊ ဆီ၊ ဆားနှင့်အခြားသော ကုန်ပစ္စည်းများကို ဝယ်ယူစုဆောင်းထားပြီး လက်ဖက်ပေါ်သည့် ရာသီချိန်တွင် ပြန်ဆပ်ကြရပါသည်။ ဤနှစ်တွင် ကုန်သည်ပွဲစားကြီးများအနေဖြင့် လက်ဖက်တောင်သူများကို ကြိုသုံးငွေ လုံလုံ လောက်လောက် မထုတ်ပေးနိုင်သည့်ပြင် လက်ဖက်များစွာ ဖျက်ဆီးခံရသောကြောင့် တောင်သူများလိုအပ်သော ကုန်ပစ္စည်းများကိုလည်း မဝယ်ယူနိုင်ကြပါ။

နမ့်ဆန်မြို့တွင် ကုန်စုံရောင်းဆိုင်များမှာလည်း စီးပွားရေးကျပ်တည်းမှုကြောင့် အခြေခံစားသောက်ကုန်ပစ္စည်းများပင် ယမန်နှစ်ကဲ့သို့မရောင်းရသည့်အပြင် လက်ဖက်တောင်သူများမှာ အကြွေးဖြင့်သာဝယ်ယူကြသောကြောင့် ပစ္စည်းများသာကုန်ပြီး ရင်းနှီးထားသည့်ငွေများ ပြန်လည်မရရှိသေးတော့ကြောင့် ဆိုင်များပိတ်ထားကြရသည်။ လက်ဖက်တောင်သူ ထက်ဝက်ကျော်မှာ ရာသီပေါ်လက်ဖက်များရောင်းဝယ်၍မရသည့်အတွက် ယခင်စုဆောင်းထားသည့် ပစ္စည်းများထုခွဲ ပေါင်နှံစားသောက်ကြရသည်။ လက်ဖက်လုပ်သားတဦးက *"လက်ဖက်သိပ်မနူးရတော့ စားဖို့သောက်ဖို့အလုံအလောက်မရှိဘူး အလုပ်ရှင်(ခြံရှင်) ကို ဆန်၊ ဆီ၊ ဆား တောင်းတော့လည်း လုံလုံလောက်လောက်မပေးနိုင်ဘူး။ ပြီးခဲ့တဲ့နှစ်က အကြွေးတွေ မဆပ်နိုင်တဲ့အပြင် ဒီနှစ်ပါ အကြွေးထပ်တင်ရပါတယ်။ အရင်နှစ်တွေက စုထားတဲ့ဆွဲကြိုးတောင် ဟိုတစ်နေ့ကမှ သွားပေါင်လိုက်ရတယ်။ ဒီနှစ်တော်တော်လေးအခက်တွေ့ ရတယ်" ဟုရင်ဖွင့်ပြသည်။* **လက်ဖက်ခူးသမား – အင်တာဗျူး အမှတ် ၀၄**

*"လက်ဖက်တောင်သူနဲ့ လက်ဖက်ခြံပိုင်ရှင်တွေ လက်ဖက်မပေါ်ခင်မှာ ကြိုယူထားတဲ့ ဆန်၊ ကြိုသုံးငွေတွေကို ကြွေးအောင် ပြန်မဆပ်နိုင်သေးဘူး။ တစ်ဦးကို (၁) သိန်း ကနေ (၁၀) သိန်း ထိ ပေးထားတာရှိတယ်။ လက်ဖက်ခြံပေါ်မှာ မူတည်ပြီး ပေးထားပါတယ်။ ခါတိုင်းဆိုရင် အခုပေးတဲ့ ပိုက်ဆံပမာဏ လောက်ဆို ရွှေဖီချိန်မှာတင် ကြွေးအောင်ဆပ်နိုင်ပါတယ်။ ဒီနှစ်တော့ တစ်ဝက်တောင်ကြွေးအောင်မပေးနိုင်သေးတဲ့သူတွေကများတယ်"* **လက်ဖက် ကုန်သည် – အင်တာဗျူး အမှတ် ၁၃**

**ယခင်နှစ်နှင့် ယခုနှစ် လက်ဖက်ဈေးနှုန်း နှိုင်းယှဥ်ချက်ပြ ဇယား**

| စဉ် | လက်ဖက်အမျိုးအစား နှင့် စားသောက်ကုန်အမျိုးအစား | အရေအတွက် | ၂၀၀၈ ခုနှစ်တွင် ရောင်းရသောဈေးနှုန်း | ၂၀၀၉ ခုနှစ်တွင် ရောင်းရသောဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|---|
| နမ့်ဆန်မြို့နယ် | | | | | |
| ၁ | လက်ဖက်စို | ၁ ပိဿာ | ၁၀၀၀ – ၂၀၀၀ ကျပ် | ၅၀၀–၁၀၀၀ ကျပ် | |
| ၂ | လက်ဖက်ခြောက် | ၁ ပိဿာ | ၄၀၀၀–၇၀၀၀ ကျပ် | ၁၈၀၀ – ၄၀၀၀ကျပ် | |
| ၃ | ရှက်စိမ်း | ၁ ပိဿာ | ၅၀၀ – ၁၀၀၀ | ၃၅၀ – ၇၀၀ | |
| ၄ | အချိုခြောက် | ၁ ပိဿာ | ၄၀၀၀ – ၆၀၀၀ | ၃၀၀၀ – ၄၀၀၀ | |
| ၅ | လက်ဖက်ခူးခ | ၁ ပိဿာ | ၂၀၀ – ၃၀၀ ကျပ် | ၁၀၀ – ၁၅၀ ကျပ် | |
| နမ့်ခမ်းမြို့နယ် | | | | | |
| ၁ | လက်ဖက်ခြောက် | ၁ ပိဿာ | ၁၅၀၀–၁၈၀၀ ကျပ် | ၈၀၀–၁၂၀၀ ကျပ် | |
| ၂ | လက်ဖက်ခူးခ | ၁ ပိဿ | ၁၅၀ –၂၀၀ ကျပ် | ၁၀၀–၁၀၀ ကျပ် | |
| မန်တုန်မြို့နယ် | | | | | |
| ၁ | လက်ဖက်ခြောက် | ၁ ပိဿာ | ၃၅၀၀ – ၅၀၀၀ ကျပ် | ၁၆၀၀–၂၀၀၀ ကျပ် | အချိုခြောက်စက်ရုံပိတ်ထား၍ ဈေးကွက်ပျက် |
| ၂ | ရှက်စိမ်း | ၁ ပိဿာ | ၅၀၀ – ၁၀၀၀ | – | အချိုခြောက်စက်ရုံပိတ်ထား၍ ဈေးကွက်ပျက် |
| ၃ | အချိုခြောက် | ၁ ပိဿာ | ၃၀၀၀ – ၅၀၀၀ | – | အချိုခြောက်စက်ရုံပိတ်ထား၍ ဈေးကွက်ပျက် |
| ၄ | လက်ဖက်ခူးခ | ၁ ပိဿ | ၂၀၀ – ၄၀၀ ကျပ် | ၁၀၀–၂၀၀ ကျပ် | |

နမ့်ခမ်းမြို့တွင်လည်း အစိုးရက လက်ဖက်ဆိုးဆေးသည် ကျန်းမာရေးကို ထိခိုက်စေနိုင်သည်ဟု ကြေငြာပြီးနောက်ပိုင်းတွင် လက်ဖက်ဈေးကျသောကြောင့် မိမိတို့ လက်ဖက်ခြံအား ပစ်ပြီးမီးသွေးဖုတ်ခြင်း၊ တရုတ်ပြည်တို့ သွားရောက်အလုပ်လုပ်ကိုင်ခြင်း များပြားလာကာ လက်ဖက်ခြံလုပ်ငန်း တခုတည်းဖြင့် အသက်မွေးဝမ်းကြောင်းပြုရန် ခက်ခဲကြပ်တည်းလျှက်ရှိသည်။

"*အလုပ်အဆင်မပြေတော့ ကျနော်ရဲ့ သားသမီး (၇) ဦးထဲက အရွယ်ရောက်ပြီးအလုပ်လုပ်နိုင်တဲ့ သား (၃)ယောက် နှင့် သမီး (၁) ယောက်ထဲက သားနှစ်ယောက်က တရုတ်ပြည်ဘက်ထွက်ပြီး အလုပ်ရှာလုပ်ကြရပါတယ်။ လက်ဖက် ခူးစားတော့လည်း မလုံလောက်တော့ဘူးလေ။ ဒီရွာထဲမှာ အလုပ်မရှိ၊ လက်ဖက်ခူးစရာမရှိဘဲ အလုပ်လက်မဲ့ဖြစ်သူတွေ အယောက် ၇၀ လောက်ရှိမယ်လို့ခန့်မှန်းပါတယ်*" လက်ဖက်လုပ်သားတဦးပြောပြခဲ့သည်။ **လက်ဖက် ခူးသမား – အင်တာဗျူး အမှတ် ၀၄**

လက်ဖက်လုပ်ငန်းတခုတည်းဖြင့် အသက်မွေးဝမ်းကြောင်းပြုရန် အလွန်ခက်ခဲလှသောကြောင့် နမ့်ဆန်၊ မန်တုန်နှင့် နမ့်ခမ်း ဒေသရှိ လက်ဖက်တောင်သူများသည် ဖားကန့်တွင်ကျောက်တူးခြင်း၊ တရုတ်ပြည်တွင်အလုပ်သမားလုပ်ခြင်း အစရှိသည့် လုပ်ငန်းများရှာဖွေလုပ်ကိုင်လာကြသည်။ ကချင်ပြည်နယ်ဖားကန့်၊ တရုတ်နယ်စပ်နှင့် အခြားဒေသများတွင် ပလောင်လူမျိုး ရွှေ့ပြောင်းအလုပ်သမား တစ်သိန်းခန့်ရှိရာ ယခု ၂၀၀၉ ခုနှစ်အတွင်း လက်ဖက်တောင်သူများတစ်သောင်းခန့် အခြားဒေသသို့ အလုပ်လုပ်ရန် ထပ်မံထွက်ခွာကြသည်ဟု မိမိတို့အဖွဲ့မှ သတင်းအချက်အလက်ကောက်ခံရရှိပါသည်။

## ခ) ပညာရေးအခြေအနေ

ပလောင်မိဘပြည်သူများအနေဖြင့် မိမိတို့၏ သားသမီးများအား ပညာသင်ကြားနိုင်ရန်အတွက် လက်ဖက်လုပ်ငန်းပေါ် မှီခို အားထားပြီး သားသမီးများကို နှစ်စဉ်နှစ်တိုင်းထောက်ပံ့ပေးခဲ့ကြသည်။ ပလောင်ဒေသရှိ ကျေးရွာများတွင် မူလတန်းကျောင်း၊ အလယ်တန်းကျောင်းများရှိသော်လည်း အထက်တန်းကျောင်းများမှာ မြို့နယ်များတွင်သာရှိပါသည်။ ထို့ပြင် မိမိတို့ဒေသတွင် တက္ကသိုလ်မရှိခြင်းကြောင့် တက္ကသိုလ်ဆက်တက်နိုင်ရန်အတွက် အခြားမြို့ကြီးများသို့ သွားရောက်သင်ယူရပါသည်။ လက်ဖက်အဝါရောင်ဆိုးဆေး ရိုက်ခတ်မှုဒဏ်ကြောင့် ၂၀၀၉ ခုနှစ် အတွင်းပညာရေးကို ဦးစားပေးရသည်ထက် စားဝတ်နေရေး ပြဿနာကို ဦးဆုံးဖြေရှင်းပေးရသည့်အတွက်ကြောင့် သား၊ သမီးတို့၏ ပညာရေးကို လျစ်လျူရှုကြရသည်။

"*လက်ဖက်ခြောက်ဈေးနည်းတာရယ်၊ စားဝတ်နေရေးအတွက် ပူပင်ရတာတွေကြောင့် အိမ်မှာကျောင်းတက်ရမဲ့သူ (၂) ယောက်ရှိတာကို ဒီနှစ်တော့ တစ်ယောက်ပဲ ကျောင်းဆက်ထားနိုင်တော့မယ်။ ပိုက်ဆံအဆင်ပြေရင်တော့ နှစ်ယောက်ထားဖို့စီစဉ်ပါတယ်။ ကလေးတွေအတွက် ပညာရေးထက် နေ့စဉ်စားသုံးဖို့အတွက် ပိုအရေးကြီးနေပါတယ်။*" **လက်ဖက်ခြံပိုင်ရှင် – အင်တာဗျူး အမှတ် ၂၃**



ပညာဆက်လက်မသင်ကြားနိုင်သည့် ကလေးငယ်များ

'ကလေးပညာရေးနဲ့ပက်သက်လို့ ကလေး ၄ ယောက်ရှိပြီး အကြီးဆုံးတစ်ယောက်ကလွဲပြီး ကျန်တဲ့ကလေးတွေ ကျောင်းထားတယ် ဒါပေမဲ့ ဒီနှစ် ၁၀ တန်းတက်မယ့်တစ်ယောက်ပဲ ကျောင်းထားနိုင်တော့မယ်၊ ကျန်တဲ့ ၂ ယောက်တော့ မထားနိုင်တော့ဘူး လက်ဖက်ကို အားကိုးတဲ့ ပလောင်လူမျိုးအတွက် အခုလက်ဖက်ဈေးမကောင်းဘူးဆိုတော့အရမ်းခက်ခဲလာပါတယ်' **လက်ဖက်ခြံပိုင်ရှင် – အင်တာဗျူး အမှတ် ၀၇**

လက်ဖက်ဈေးနှုန်းမကောင်းသည့်အတွက်ကြောင့် ကျောင်းမထွက်သင့်သောလူငယ်များ ကျောင်းထွက်ခဲ့ရပါသည်။။ အလယ်တန်းကျောင်းပြီးသော ကျောင်းသူ၊သားများသည် မိဘများက မြို့ပေါ်တွင် အထက်တန်းကျောင်း ဆက်တက်နိုင်ရန် မထောက်ပံ့ပေးနိုင်ခြင်း၊ ကျောင်းစရိတ်ကြီးမားခြင်းတို့ကြောင့် အချို့သော မိသားစုများမှာယင်းတို့၏ သား၊ သမီးများအား ကျောင်းထွက်ခိုင်းပြီး မိဘနှင့်အတူ မိသားစု စားဝတ်နေရေးပြဿနာကို ဖြေရှင်းပေးနေရပါသည်။ ၂၀၀၉ ခုနှစ်အတွင်း နမ့်ဆန်မြို့နယ်ရှိ ကျေးရွာများတွင် ကျောင်းအပ်နှံသည့် ရာခိုင်နှုန်း ၃၀ ခန့်လျော့ကျပြီး၊ အခြားမြို့သို့ တဆင့်တိုးတက်ရောက်မည့် ကျောင်းသူ ကျောင်းသားဦးရေ ခန့်မှန်းခြေ ၄၀ ရာခိုင်နှုန်းခန့်လျော့သွားသည်ဟု ဒေသခံ ကျောင်းဆရာ ဆရာမများနှင့် လက်ဖက် တောင်သူများအား တွေ့ဆုံမေးမြန်းချက်များအရ သိရှိရပါသည်။

### ဂ) ကျန်းမာရေး

ပလောင်ဒေသရှိ ပြည်သူများ၏ အများဆုံးဖြစ်ပွားသော ရောဂါများမှာ ငှက်ဖျားရောဂါ၊ လေဖြတ်ရောဂါ၊ ဝမ်းလျှော ရောဂါ စသည့်ရောဂါများဖြစ်ပွားလျှက်ရှိပါသည်။ ထို့သို့ရောဂါများဖြစ်လာပါက ကျေးရွာအသီးသီးတွင် ရမ်းကုဆရာဝန်များ၊ ဗိန္ဒောဆေးများ၊ မြို့နယ်ရှိဆေးရုံ၊ ဆေးပေးခန်းသို့သွားရောက်ကုသကြပါသည်။ ယခင်နှစ်များတွင် ရွာသူ၊ သားများ ဖျားနာပါက မြို့နယ်များရှိ ဆေးရုံ၊ ဆေးပေးခန်းများသို့ သွားရောက်ကုသနိုင်ခဲ့ပါသေးသည်။ သို့သော် ၂၀၀၇ခုနှစ်တွင် လက်ဖက်စို၊ လက်ဖက်ခြောက်၊ ရွက်စိမ်းတို့ ဈေးနှုန်း အင်မတန်မှ ကျဆင်းခြင်းကြောင့် ဆေးဝါးခများမတတ်နိုင်ဘဲ ကျေးရွာ အတွင်းရှိ ရရှိသော ဆေးဝါးများဖြင့်သာ ကုသရပြီး ဒေသခံရွာသူ၊ ရွာသားများ၏ ကျန်းမာရေးများမှာ ဆိုးဝါးကာ ယခင်နှစ် များထက် မလိုအပ်သော အသက်ဆုံးရှုံးမှုများလည်းရှိသည်။

## ၅-၂) လက်ဖက်ရောင်းဝယ်မှုနှင့် ထုတ်လုပ်မှု အခြေအနေ

စစ်အာဏာပိုင်များ၏ အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးဌာန၏ လက်ဖက်တွင် အဝါရောင်ဆိုးဆေး (အော်ရမင်းအို) ပါဝင်မှုကြောင့် လက်ဖက်အမှတ်တံဆိပ် (၁၀၀) တားဆီးပိတ်ပင်မှုအား ထုတ်ပြန်ကြေငြာ ပြီးနောက်ပိုင်းတွင် လက်ဖက် စားသုံးသူများနည်းပြီး ဝယ်လိုအားကျဆင်းခြင်း၊ ကုန်သည်များလက်ဖက်လုပ်ငန်းတွင် ထပ်မံရင်းနှီးမြှုပ်နှံမှုမပြုလုပ်ခြင်းနှင့် လက်ဖက်တောင်သူများ အလုပ်သမားလုံလုံလောက်လောက်မခေါ်ယူနိုင်ခြင်းတို့ကြောင့် လက်ဖက်ထုတ်လုပ်မှုမှာ ထက်ဝက် ခန့်ကျဆင်းခဲ့ပြီးနှင့် ရောင်းဝယ်မှုအား ၇၅ ရာခိုင်နှုန်းကျော်ထိခိုက်ကာ ယခုအချိန်ထိ ရောင်းဝယ်မှုလျော့နည်းလျှက်ရှိသည်။

### (က) လက်ဖက်တောင်သူနှင့် အလုပ်သမားများ၏ အခြေအနေ

ယခင်နှစ်တွင် ကြိုတင်အသုံးငွေယူထားသလို ဆန်၊ ဆီနှင့်ဆားတို့ကို ကြိုတင်ယူထားနိုင်ခဲ့သော်လည်း ယခုနှစ်တွင် လက်ဖက် များအဖျက်ဆီးခံရသောကြောင့် ကြိုငွေမထုတ်ပေးနိုင်ခြင်း၊ လက်ဖက်ဝယ်မည့် ကုန်သည်များနည်းပါးလာခြင်း၊ ဝယ်ယူသော ကုန်သည်များလည်း အဝါရောင်ဆိုးဆေးအားအကြောင်းပြု၍ ဈေးနှိမ်ပေးခြင်းများနှင့် ရင်ဆိုင်ကြရသည်။

၂၀၀၇ခုနှစ်တွင် လက်ဖက်စိုဝယ်သူနှင့် ဈေးနှုန်းကျဆင်းသဖြင့် လက်ဖက်စိုမှ လက်ဖက်ခြောက်သို့ ပြောင်းပြီးလုပ်ကိုင်ရသည့် အတွက် လုပ်ငန်းအခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရပါသည်။ လက်ဖက်ခြောက်ထုတ်ကုန်များလာသဖြင့်လည်း လက်ဖက် ခြောက်ဈေးမှာလည်း သိသိသာသာကျဆင်းကာ လက်ဖက်တောင်သူများ ဒုက္ခရောက်ကြရပါသည်။

အောက်မြန်မာပြည်မှ ရွှေဖီဦးအချိန်တွင် အလုပ်သမားများအဖြစ် လာရောက်လက်ဖက်ခူးသောသူများလည်း အလုပ်လက်မဲ့ များဖြစ်ကြရသည်။ ယခင်နှစ်များတွင် မိသားစုတစ်စုလျှင်အနည်းဆုံး အလုပ်သမား ၂၀ ခေါ်ယူရသည့် အလုပ်ရှင် တစ်ဦးမှာ ယခုနှစ်တွင်မှ အလုပ်သမားများလုံလုံလောက်လောက်မငှားနိုင်ဘဲ ၁၀ ယောက် ခန့်သာခေါ်ယူနိုင်သည့်အတွက် အလုပ်လက်မဲ့ ဖြစ်နေသော အလုပ်သမားပေါင်း ၁၀,၀၀၀ ခန့်ရှိမည်ဟု နမ့်ဆန်မြို့မှတောင်သူတစ်ဦးကပြောပြသည်။ အဝါရောင် ဆိုးဆေးကြောင့် လက်ဖက်များခူးဆွတ်ရာဒေသ နမ့်ဆန်၊ နမ့်ခမ်းမြို့၊ မန်တုံမြို့များအပြင် လက်ဖက်စက်ရုံများ ရှိရာ ဒေသဖြစ်သည့် ကျောက်မဲမြို့တွင်လည်း အလုပ်သမား များ မငှားနိုင်သောကြောင့် အလုပ်လက်မဲ့အလုပ်သမား အများအပြားရှိနေသည်ကို တွေ့ရှိရသည်။

လက်ဖက်ဆိုးဆေးကြောင့် လက်ဖက်ဈေးနှုန်းများ ကျဆင်း ပြီး မန်တုန်မြို့မှ လက်ဖက် ပွဲရုံများအားလုံးနီးပါး ပိတ်ခဲ့ ကြရပြီး၊ လက်ဖက်အချိုခြောက်စက်ရုံ (၆) ရုံ ပိတ်လိုက် ရသည်။



လက်ဖက်ညွန့်များဝေဆာနေသော ခူးဆွတ်သူမဲ့ လက်ဖက်ခင်း

လက်ဖက်တောင်သူများသည် လက်ဖက်ရာသီချိန်တွင် လက်ဖက်ခြံပေါင်းတင်ခြင်း၊ လက်ဖက်ထွက်ချိန်တွင် အသုံးပြုရမည့် အထောက်အကူပြုပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်းနှင့် အလုပ်သမားများအတွက် နေရာပြင်ဆင်ခြင်း အစရှိသည်တို့အတွက် ကြိုတင်ရင်းနှီးမြှုပ်နှံကြရသည်။ ယခုကဲ့သို့ လက်ဖက် ဈေးကွက်ပျက်သည့်အချိန်တွင် ကြိုတင်ပြင်ဆင်မှုများမှာ အလဟဿ ဖြစ်ခဲ့ရပြီး၊ လက်ဖက်ဆွတ်ခူးရန် အလုပ်သမား ဖိုးပင်မရရှိခဲ့ကြပေ။ သို့သော် လက်ဖက်များကိုပုံမှန်မခူးဆွတ်လျှင် လာမည့် လက်ဖက်ရာသီအထွက်နှုန်းကို ထိခိုက်မည်ဖြစ်သဖြင့် အရှုံးခံ၍ ခူးကြရသည်။ 'လက်ဖက်အကုန်မခူးနိုင်ပါ၊ အလုပ်သမားငှားလို့ မရတာကြောင့် ခူးခ ၁၀၀ ကျပ် ဆိုတော့ သူတို့အတွက်လည်း လုံးဝမကိုက်ဘူး လက်ဖက် ၄ ပုံမှာ ၁ ပုံ လောက်က ဒီအတိုင်းပစ်ထားလိုက်တယ်' ဟု ပြောပြခဲ့သည်။

**လက်ဖက်ခြံပိုင်ရှင် – အင်တာဗျူး အမှတ် ၀၈**



မိုးသည်းထန်စွာရွာသဖြင့် မြေပြို၍လက်ဖက်ခင်းများပျက်ဆီး

## (ခ) လက်ဖက်စားသုံးသူများ၏ အခြေအနေ

လက်ဖက်တောင်သူများသည် ကိုယ့်ခြံထွက်လက်ဖက်များကိုသာ စားသုံးကြပြီး ဈေးကွက်ရှိ ရယ်ဒီမိတ် လက်ဖက်ထုပ်များကို ဝယ်ယူစားသုံးမှုမရှိ သလောက်ပင်ဖြစ်ပါသည်။ ထို့ကြောင့် အဝါရောင် ဆိုးဆေးနှင့် ပတ်သက်၍ လက်ဖက်ထုတ်လုပ်သည့် အဓိက ဒေသဖြစ်သည့် နမ့်ဆန်နှင့် မန်တုန်မြို့နယ်ရှိ လက်ဖက်စားသုံးသူ များအကြား ပြင်းထန်သော ရိုက်ခတ်မှုမရှိခဲ့ပေ။

သို့သော် ရယ်ဒီမိတ်လက်ဖက်များအား ဝယ်ယူစားသုံးကြသော မြန်မာပြည်ရှိ ဒေသအနှံ့အပြားများတွင် လက်ဖက်စားသုံးသူ များအကြား အဝါရောင်ဆိုးဆေးနှင့် ပတ်သက်၍ စိုးရိမ်မှုများ ပိုမိုများပြားလာသည်။ ထိုပိတ်ပင်ထားသော လက်ဖက်အမှတ်တံဆိပ်များပါ လက်ဖက်ကို စားသုံးလာသည်မှာ နှစ်ပေါင်းများ စွာကြာလာပြီဖြစ်သဖြင့် ကျန်းမာရေးအတွက် အထူးစိုးရိမ်မှုများဖြစ်ကြရသကဲ့သို့ လက်ဖက်စားသော်လည်း မည်သည့် ကျန်းမာရေးထိခိုက်မှုမျှ မကြုံတွေ့ရ သဖြင့် ဆက်လက် စားသုံးသူများလည်းရှိသည်။

နမ့်ဆန်မြို့နယ်မှ လက်ဖက်စားသုံးသူတဦးက *"ဒီကလက်ဖက်စားတဲ့သူတွေ သိပ်ပြီးစိုးရိမ်ကြတာ မတွေ့ရပါဘူး ဘာဖြစ်လို့ လည်းဆိုတော့ ဒီလိုပဲစားလာခဲ့တာ နှစ်ပေါင်းမနည်းတော့ဘူးလေ။ အခုချိန်ထိ ဒီလက်ဖက်ဆိုးဆေးကြောင့် ကျန်းမာရေး ထိခိုက်ရတာမျိုး တစုံတရာမတွေ့ရလို့ပါဘဲ။ တချို့ သူတွေတော့ အနည်းငယ် စိုးရိမ်းမှုတွေတော့ရှိကြတာ တွေ့ရပါတယ်။"*

လက်ဖက်ကြိုက်သော ဒေသခံပြည်သူလူထုအများစုမှာ နှစ်သစ်တွင်ထွက်ရှိလာမည့်လက်ဖက်များကို ဝယ်ယူစားသုံး ကြရန် အားခဲထားကြပြီး၊ လက်ဖက်တွင် ကျန်းမာရေးကိုထိခိုက်စေသော ဆိုးဆေးများမသုံးရန်နှင့် အသုံးပြုသူများကို ထိရောက်စွာ အရေးယူဖြေရှင်းရန် လိုလားကြသည်။ သို့သော် လက်ဖက်တွင် ကျန်းမာရေးကိုထိုခိုက်စေသည့် အဝါရောင်ဆိုးဆေး ပါဝင် သည်ဟု ကြေညာပြီးနောက်ပိုင်း လက်ဖက်စားသုံးမှု သိသာစွာလျော့ကျလာခဲ့သည်။

## (ဂ) လက်ဖက်ကုန်သည်လုပ်ငန်းရှင်များ အခြေအနေ

ယခုနှစ်အတွက် စစ်အစိုးရ၏ အဝါရောင်ဆိုးဆေး ကြေညာချက်ကြောင့် လက်ဖက်ကုန်သည်များ လက်ဖက် ပိဿာချိန် နှစ်သိန်းခန့် ဖျက်ဆီးခံရသောကြောင့်များစွာအထိနာကြသည်။ ထို့ပြင် လက်ဖက်အထွက်နှုန်း အလွန်နည်းပါးခြင်း၊ ဈေးနှုန်း အဆမတန်ကျဆင်းသွားခြင်းတို့ကြောင့် လက်ဖက်အရောင်းအဝယ် လုပ်ကိုင်သူများ လုပ်ငန်းရပ်တန့်လုနီးပါးဖြစ်နေပါသည်။ အဝါရောင်ဆိုးဆေးဂရက်ကြောင့် လုပ်ဖက်ကုန်သည်အနည်းဆုံး ထက်ဝက်ခန့် လက်ဖက်စက်ရုံ၊ လက်ဖက်ပွဲရုံလုပ်ငန်းများ ဆက်လက်မလည်ပတ်နိုင်တော့ပဲ ရပ်နားခဲ့ရသည်။

ယခင်နှစ်ရွှေဖီချိန်တွင် ပိဿာချိန်ပေါင်း (၃၀,၀၀၀) ဝယ်ယူနိုင်ခဲ့သော်လည်း ယခုနှစ်တွင် ပိဿာချိန်ပေါင်း (၈,၀၀၀) သာ လျှင်ဝယ်ယူရရှိသည်။ ထိုပြင်တအာင်း (ပလောင်) ဒေသ၏ အဓိကလက်ဖက်မြို့တော် နမ့်ခမ်းမြို့၊ မန်တုံမြို့၊ နမ့်ဆန်မြို့ တို့တွင်လည်း လက်ဖက် ဈေးနှုန်းကွာဟနေသည် ကိုတွေ့ရှိရပါသည်။

ယခုနှစ်လက်ဖက်ကုန်သည်များမှာ ဆိုးဆေးဂယက်ကြောင့် လက်ဖက်စိုအပြင် လက်ဖက်ခြောက်များအပေါ်ပါ သံသယ စိတ် ဝင်လာကြ၍ လက်ဖက်ခြောက်ဈေးကွက်ပါ ဝယ်လိုအား ကျဆင်းခဲ့ပါသည်။ အချို့ကုန်သည်တွေက ယခင်နှစ်ကတည်းက လက်ဖက်ခြောက်များဝယ်ပြီး သိုလှောင်ထားပြီး ပြန်ရောင်းရသည့်အချိန်တွင် လက်ဖက်ဈေးနှုန်းကျနေခြင်းကြောင့် လက်ဖက် ကုန်သည်များ ကြီးမားသော ဆုံးရှုံးမှုများကြုံတွေ့ကြရသည်။

"စစ်အစိုးရဟာ အဝါရောင်ဆိုးဆေးကြောင့် ကျန်းမာရေးကိုထိခိုက်စေတယ်၊ ရောဂါဖြစ်စေတယ်လို့ ကြေငြာလိုက်တယ်။ ကျနော်ပြန်မေးချင်တာက အခြားစားသောက်ကုန်တွေလည်း ဆိုးဆေးတွေပါနေကြတာပဲ၊ ဘာကြောင့်မပိတ်ပင်တာလဲ။ ဒီလက်ဖက်ကိုမှ ရွေးပြီးပိတ်လိုက်ရခြင်းဟာမတရားပါဘူး" **လက်ဖက်ကုန်သည် – အင်တာဗျူး အမှတ် ၀၂**




**ဈေးကွက်ပျက်၍ ပိတ်ထားရသည့် နမ့်ဆန်ရှိ လက်ဖက်စက်ရုံ**

လက်ဖက်ကုန်သည်များ အနေဖြင့် လက်ဖက်အထွက်နည်းခြင်း၊ အဝယ်နည်း၍ ဈေးနည်းခြင်းတို့ကြောင့် ရွှေဖီချိန် မတိုင်မီ ပေးထားသည့် ဆန်၊ ဆား၊ ဆီ စသည့် အစားအသောက်နှင့် အောက်သုံးငွေများအား ပြန်မဆပ်နိုင်သောကြောင့်လည်း နစ်နာမှုများရှိသည်။

မန်တုံမြို့မှ လက်ဖက်ကုန်သည်တဦးပြောပြချက်အရ *"ဒီနှစ်လက်ဖက် အထွက်နည်းတော့ ခါတိုင်းနှစ်တွေနဲ့ မတူဘဲ အရောင်း အဝယ်လုပ်ရတာ ခက်ခဲမှုတွေနဲ့ ရင်ဆိုင်ကြရပါတယ်။ ဒီနှစ်လက်ဖက် ဝယ်ယူရတဲ့ ပမာဏလည်း အရမ်းလျော့တယ်၊ ခါတိုင်း ရွှေဖီးချိန်တစ် ချိန်တည်းကိုဘဲ အချိန်ပေါင်း ၃၀၀၀၀ ဝန်းကျင်လောက်ရပါတယ်၊ ဒီနှစ်တော့ ပိဿာချိန်ပေါင်း ၈၀၀၀ လောက်ဘဲရသေးတယ်။ လက်ဖက်ဈေးနှုန်းနည်းတော့ တချို့မိသားစုတွေက လက်ဖက်မပေါ်ခင်မှာ ယူထားတဲ့ ဆန်၊ ဆီ၊ အောက်သုံးငွေကို ပြန်မဆက်ပေးနိုင်သည့်အခြေအနေရှိပါတယ်"*။

# ၆) နိဂုံးချုပ်အကြံပြုချက်

လက်ဖက်ပြဿနာကြောင့် စားဝတ်နေရေးကျပ်တည်းနှင့်ရင်ဆိုင်နေရသော လက်ဖက်တောင်သူ ငါးသိန်းကျော်တို့၏ အခက်အခဲများကို ဝိုင်းဝန်းဖြေရှင်းကူညီကြပါရန် မိမိတို့ တအာင်း(ပလောင်)လုပ်ငန်းအဖွဲ့မှ အောက်ပါအတိုင်း တောင်းဆိုတိုက်တွန်းလိုက်ပါသည်။

## ၆–၁) ပြည်သူလူထု နှင့်လုပ်ငန်းရှင်များ

- ပြည်သူ့ကျန်းမာရေးကိုအန္တရာယ်ဖြစ်စေနိုင်သော အဝါရောင်းဆိုးဆေး (Auramine O) အား လက်ဖက်တွင်အသုံးမပြုရန်နှင့် လက်ဖက်၏ သဘာဝအရသာနှင့် အရည်အသွေးကို ထိန်းသိမ်းရန်အတွက် ပြည်သူလူထုတို့မှ ဝိုင်းဝန်း၍ ပါဝင်ပူးပေါင်းဆောင်ရွက်ကြရန်။
- ပွဲရုံနှင့် လုပ်ငန်းရှင်များမှ ဒေသခံတောင်သူတို့ထံမှ ဝယ်ယူထားသော လက်ဖက်များအား လူထု ကျန်းမာရေးအတွက် အန္တရာယ်ဖြစ်စေနိုင်သော ဓါတုပစ္စည်းများအသုံးမပြုဘဲ ဈေးကွက်ထဲသို့ မှန်မှန်ကန်ကန် တင်ပို့ ရောင်းချသွားရန်။
- လက်ဖက်ပွဲရုံနှင့် လုပ်ငန်းရှင်များအနေဖြင့် မိမိကိုယ်ကျိုးစီးပွါးတစ်ခုတည်းအတွက် လက်ဖက်ဈေးကွက်ကို ထိန်းချုပ်ထားခြင်းမပြုဘဲ၊ ဒုက္ခရောက်နေသောတောင်သူများအားမှန်ကန်မျှတသောလက်ဖက်ဈေးနှုန်းဖြင့် ရောင်းဝယ်ကြရန်။

## ၆–၂) တအာင်း (ပလောင်) နိုင်ငံရေး အင်အားစုများနှင့် ဒေသခံခေါင်းဆောင်

- ပလောင်နိုင်ငံရေးအင်အားစု အဖွဲ့အစည်းများ၊ ဒေသခံခေါင်းဆောင်းများအနေဖြင့် ပလောင်ပြည်သူများ ကြုံတွေ့နေရသည့် လက်ဖက် အခက်အခဲပြဿနာများကို မိဘပြည်သူများနှင့် ညှိနှိုင်းတိုင်ပင်ပြီး ဝိုင်းဝန်း ဖြေရှင်းပေးရန်။

## ၆–၃) နအဖ စစ်အစိုးရ

- အဝါရောင်ဆိုးဆေးကြောင့် ဆုံးရှုံးနစ်နာသွားသော လက်ဖက်တောင်သူများနှင့် ကုန်သည်များကို သင့်လျော်မျှတသည့် ကုစားမှုများဆောင်ရွက်ပေးရန်။
- ပြည်သူလူထုတို့၏ ကျန်းမာရေးကို အန္တရာယ်ဖြစ်စေမည့်ဓာတုပစ္စည်းများ အစားသောက်တွင် အသုံးပြုမှု တွေ့ရှိပါက ဆုံးရှုံးနစ်နာမှု မများစေရန်အတွက် ကျယ်ကျယ်ပြန့်ပြန့် အသုံးမပြုမှီ (တွေ့တွေ့ချင်း) အသိပေးကြေညာ၍ တားဆီးပိတ်ပင်မှုများပြုလုပ်ရန်။
- အဝါရောင်ဆိုးဆေး အော်ရမင်းအိုအကြောင်းနှင့် ပတ်သက်၍ ပညာပေးမှုများကို ဒေသခံပြည်သူလူထုများနှင့်အတူ ထိရောက်စွာပူးပေါင်းဆောင်ရွက်သွားရန်။

## ၆–၄) နိုင်ငံတကာ မိသားစုများ

- လက်ဖက်ပြဿနာများကြောင့် အတိဒုက္ခရောက်ပြီး စားဝတ်နေရေး ကျပ်တည်းနေသော ပြည်သူများအား ထိထိရောက်ရောက် ဝိုင်းဝန်းကူညီထောက်ပံ့ပေးရန်။
- ပြည်သူလူထု၏ကျန်းမာရေးကိုအမှန်တကယ်ကာကွယ်ရန် မဟုတ်ဘဲ မိမိတို့၏ကိုယ်ကျိုးစီးပွားအတွက် ပြည်သူလူထုအကျိုးစီးပွားအား အကြပ်ကိုင်လုပ်ဆောင်သည့် နည်းလမ်းများ အသုံးမပြုရန်နှင့် လက်ဖက်ပြဿနာကို မှန်ကန်စွာ ဖြေရှင်းနိုင်ရန်အတွက် နအဖ စစ်အစိုးရအား နိုင်ငံတကာမိသားစုမှ ဝိုင်းဝန်း ဖိအားပေးရန်။

# နောက်ဆက်တွဲ

## (က) တွေ့ဆုံမေးမြန်းချက်များ

### ၁) လက်ဖက်ခြံပိုင်ရှင် – အင်တာဗျူး အမှတ် ၀၇

၂၀၀၇ တုန်းကတော့ ၁ ပိဿကို ကျပ် ၅၀၀၀ ရပါတယ်။ ခူးခ ၁ ပိဿာကို ၅၀၀ကျပ် ပေးရတယ်။ မနှစ်က လက်ဖက်ဈေးနှုန်း ၁၅၀၀ကျပ် ဒီနှစ်၂၀၀၉ ရွှေဖီချိန်မှာတော့ ၁ ပိဿကို ၁၅၀၀ ရတယ်။ ဒါပေမယ့် ရွှေဖီချိန်ပြီးတာနဲ့ ၁ပိဿကို ၉၀၀ နှင့် ၁၀၀၀ကြားပဲရတော့တယ်။ ခူးခလည်း ၁ ပိဿကို ၁၀၀နှင့် ၁၅၀ကြား အထိပေးရတယ်။ ခူးပေးမယ့်လူမရှိလို့ လူ ၄ ဦးပဲငှားရတယ်။ အခက်ခဲတော့ အမျိုးမျိုးကြုံတွေ့နေရတယ်။ လက်ဖက်ခြောက်ကို ပွဲရုံဆီသွင်းတဲ့အချိန်မှာ ပွဲရုံက ချက်ချင်းကြီး ငွေမပေးနိုင်ဘူး။ ပွဲရုံတွေလည်း တဆင့်ပြန်ပို့ရတယ်။ သူတို့မှာလည် ဝင်ငွေလည်ပတ်မှု သိပ်အဆင်မပြေဘူး။ လက်ဖက် အဆင်းအရောင်လှမှ ရောင်းလို့ရတယ်။ တချို့ပွဲရုံတွေက ချိန်ခွင့်ကလည်းကြီးတယ်။ လက်ဖက်ရောင်းတာ ရှုံးတယ်။

လက်ဖက်ဈေးနှုန်းလည်းမကောင်း၊ လက်ဖက်လဲအထွက်နည်းတော့ စားဝတ်နေရေးပြဿနာကို မဖြေရှင်း နိုင်ပါဘူး။ ကလေးလည်း လေးယောက်ရှိတယ်။ တယောက်တော့ အိမ်ထောင်ကျသွားပြီ။ တယောက်က ၁၀ တန်း တက်ရမယ်။ ၁၀တန်း တက်တဲ့တယောက်ကိုတော့ ကျောင်းထောက်ပံ့ပေးနိုင်တယ်။ ၂ယောက်ကိုတော့ ဆက်လက်ပြီး ကျောင်းမထားနိုင်ဘူး။ ပလောင် လူမျိုးတွေလည်း လက်ဖက်ကို အဓိကအားကိုးပြီး လုပ်ကိုင်စားသောက်ကြတယ်ဆိုတော့ လက်ဖက်ဈေး မကောင်း တော့ ပလောင်လူမျိုးအတွက်တော့ အရမ်းကို ခက်ခဲပါတယ်။

### ၂) လက်ဖက်ခြံပိုင်ရှင် – အင်တာဗျူး အမှတ် ၂၁

၂၀၀၇–၂၀၀၈ တုန်းက ရွှေဖီချိန်မှာဆိုရင် လက်ဖက်ခြောက် ပိဿာ ၁၅၀ ရပါတယ်။ ဒီနှစ် လက်ဖက်ခြောက် ပိဿဖ၀ လောက်ပဲရပါတယ်။ ၂၀၀၇တုန်းက လက်ဖက်ခြောက် ၁ပိဿာကို ၅၀၀၀ကျပ်ရတယ်။ ၂၀၀၈တုန်းက ၂၀၀၀ ကျပ်ရတယ်။ ၂၀၀၉ခုနှစ် ရွှေဖီချိန် မိုးလွတ်လက်ဖက်ကို ၁၅၀၀ကျပ် ရတယ်။ သင်္ကြန်ပြီးတော့ လက်ဖက်ခြောက်ဈေးနှုန်း ၁၀၀၀နှင့် ၉၀၀ အထိလောက်ပဲရပါတယ်။ တောင်ပေါ်မှာ နေတယ်ဆိုတော့ မြို့ဆင်းပြီး ပွဲရုံကို တိုက်ရိုက်သွင်းဖို့ဆိုတာလည်း သိပ်ပြီး မလွယ်ဘူး။ ပွဲစားတဆင့် သွင်းတော့ တချို့ ပွဲစားတွေက ချိန်ခွင်ကြီးတယ်။ အရမ်းကို နစ်နာတယ်။

ဒီနှစ်ပိုက်ဆံလည်း အရမ်းကိုခက်ခဲပါတယ်။ ပွဲစားတွေက ပိုက်ဆံကို ကြိုမပေးတော့ဘူး။ လက်ဖက်ဈေး မကောင်း သလို လက်ဖက်ထွက်မဲ့ လမ်းကြောင်းလည်း နည်းပါးလာတယ်။ ဒါကြောင့် ပွဲစားတွေက ပိုက်ဆံကို ကြိုမထုတ်ပေးဘူး။ ပြီးတော့ သူတို့ဆီ ၃၀၀၀၀ ကျပ် ရစရာရှိရင် ကျပ် ၁၀၀၀၀ ကြိုပေးနိုင်တယ်။ ဘာဖြစ်လို့လည်းဆိုတော့ သူတို့မှာ လက်ဖက်ခြောက်မထွက်တော့ ပိုက်ဆံဝင်စရာ နေရာမရှိဘူး။

ဒီနှစ် လက်ဖက်ခူးဖို့ လူသိပ်ပြီး မငှားနိုင်တော့ဘူး။ ဘာဖြစ်လို့လည်းဆိုတော့ လက်ဖက်ဈေးမကောင်းသလို လက်ဖက်လည်း အထွက်နည်းနေတယ်။ အခေါ်မှာ သားသမီး ၃ယောက်ရှိပါတယ်။ ၁ ယောက်က သက္ကသိုလ် တက်နေတယ်။ လက်ဖက်ဈေးမကောင်း၊ လက်ဖက်အထွက်နည်း၊ ပွဲစားထံလည်း ပိုက်ဆံကြိုထုတ်လို့မရတော့ သား၊ သမီး ပညာရေးကို ဘယ်လို ဆက်ထားရမှန်တောင် မသိတော့ပါဘူး။ ဆိုးဆေးမသုံးတော့ ဆိုးဆေးအကြောင်းကို မကြားဖူးဘူး။

### ၃) လက်ဖက်ခြံပိုင်ရှင် – အင်တာဗျူး အမှတ် ၂၂

တချို့သော ရွာနီးနားတွေက လက်ဖက်စို လုပ်နေတုန်းပါပဲ။ ရွက်စိမ်းဈေးနှုန်းက မကောင်းဘူးလေ။ ဘယ်အချိန် ပဲရောင်းရောင်း ရောင်းလို့ရတယ်။ ထားလို့ရတယ်။ ဒါပေမယ့် လက်ဖက်စိုလည်း ဈေးနှုန်းမကောင်းပါဘူး။ မနှစ်တုန်းက မွန္တလေး၊ ကျောက်မဲတို့ ပို့ထားတဲ့ လက်ဖက်က အများဆုံး ရှုံးတယ်။ တချို့ဆိုရင် သိန်း ၂၀လောက် ရှုံးတယ်။ ရောင်းလို့ မထွက်တဲ့ လက်ဖက်စိုကို ပွဲရုံတွေက ပြန်လာသယ်ခိုင်းတယ်။ တောင်ပေါ်ကို ပြန်သယ်ရင်လည်း ရောင်းလို့မရသလို ထားစရာ နေရာလဲမရှိ၊ ကားခပဲကုန်တယ်ဆိုတော့ လက်ဖက်ကို ပြန်မယူလာကြဘူး။

လက်ဖက်စို ရောင်းတဲ့စနစ်ကလည်း ခက်ခဲပါတယ်။ လက်ဖက်စိုကို မန္တလေး၊ ကျောက်မဲတို့ ပို့တဲ့အခါမှာ ပွဲရုံတွေက ချက်ချင်း ဈေးနှုန်းကို မဖြတ်ပေးဘူး။ ကိုယ့်ကဦးအောင်ပို့တယ်။ နောက်ထပ် တခြားလူ ပြန်ပို့တယ်ဆိုရင် လက်ဖက်အရောင်တွေကို နှိုင်းယှဉ်၊ လက်ဖက်လှမလှ ပြန်စစ်ဆေးသေးတယ်။ တောင်ပေါ်တက်လိုက်၊ မန္တလေး ဆင်းလိုက်နဲ့ ကားခ အရမ်းကုန်တယ်။ ပြီးတော့ တခြားလက်ဖက်လှတယ်ဆိုရင် ကိုယ့်လက်ဖက်ကို ဈေးနှိမ်ပြီး ပေးထားတယ်။ ကျမတို့လည်း ပွဲရုံကို လက်ဖက်ပို့ထားပြီးဆိုတော့ ဈေးမကောင်းလည်း ရောင်းရမှာပဲမဟုတ်လား။ သယ်သွားသယ်လားလည်း မလွယ်ဘူးဖြစ်နေတယ်။

များသောအားဖြင့် ရိုးရိုးလက်ဖက်ကို မှီခို အားထားနေတဲ့ လက်ဖက်တောင်သူတွေကတော့ လက်ဖက် ဆိုးဆေးကို လုံးဝမသုံးသေးပါဘူး။ မန္တလေး၊ ကျောက်မဲတို့ပို့တဲ့ ပွဲစားတွေကတော့ အသုံးပြုတာတွေ့တယ်။ များသောအားဖြင့် ပွဲရုံ၊ ပွဲစားထံမှတဆင့် ဆိုးဆေးကိုအသုံးပြုကြပါတယ်။ အရောင်ပိုလှအောင်ပါ။ ဒါပေမယ့် ဒီ ၂၀၀၉ မှာတော့ ဆိုးဆေး အသုံး မပြုကြတော့ပါဘူး။ တချို့ဆိုရင် မန္တလေးတို့ကျောက်မဲတို့ ပို့ထားတဲ့ဟာကို ပွဲရုံတွေက ဆိုးဆေးများ ထည့်ထားပြီးလာဆိုတော့ စိုးရိမ်ချက်လည်းရှိတယ်။ သူတို့ပို့တုန်းက မဆိုးထားကြဘူး။

## ၄) လက်ဖက်စက်ရုံပိုင်ရှင် – အင်တာဗျူး အမှတ် ၀၂

ယခုနှစ်အတွက် လက်ဖက်စို မစလုပ်ရသေးပါဘူး။ မိုးကျမှ လုပ်ဖြစ်မှာပါ။ အခုလောလောဆယ်တော့ အခြောက် တွေပဲ တော်တော်အလုပ်ဖြစ်တယ်။ ပွဲရုံတိုင်း အစိုအတွက် အလုပ်မစရသေးပါဘူး။ ကျောက်မဲမှာက လက်ဖက်စိုရော၊ အခြောက်ရော ပေါင်းလုပ်တဲ့ပွဲရုံတော်တော်များရှိပါတယ်။

အစစ်ဆေးတော့ ဘာမှမရှိသေးပါဘူး။ ဦးတို့လည်း လက်ဖက်ဆိုးဆေးနဲ့ပက်သက်လို့ အစည်းအဝေးထိုင်ပြီးပြီ။ ဘယ်ပွဲရုံကိုမှ စစ်ဆေးတာမတွေ့ရသေးပါဘူး။ လာတော့ လာမယ်လို့ပြောတယ်။ ခရက၊ ဥက္ကဌတွေနဲ့လည်း တွေ့ဆုံပြီး အစည်းအဝေးလုပ်ဖို့ရှိပါတယ်။ အပြည့်အစုံသိချင်ရင် ကုန်စည်ဒိုင်၊ စားသောက်ကုန်နှင့် ပတ်သက်တဲ့ကုန်သည်ကြီးများအသင်း ကို သွားရောက်မေးမြန်းလို့ရပါတယ်။

## ၅) လက်ဖက်စက်ရုံပိုင်ရှင် – အင်တာဗျူး အမှတ် ၀၄

ဒီနှစ်အချိုခြောက်ဈေးမရှိတာကြောင့် စက်ရုံကိုပိတ်ထားလိုက်ရတာပါ။ ကျောက်မဲပွဲရုံတွေမှာလည်း လက်ခံထား ပေမယ့် ဘယ်အချိန် လက်ဖက်ကို ပြန်ရောင်းရမှန်မသိဘူး။ စက်ရုံအလုပ်မဖြစ်တော့ အရင်တုန်းက အလုပ်သမားတွေ အလုပ် လက်မဲ့ ဖြစ်သွားတာပေါ့။ ပုံမှန်လုပ်နေကြ အလုပ်မဖြစ်တော့ လယ်လုပ်ငန်းပဲ ပြောင်းလုပ်လိုက်ရတာပေါ့။ တောင်ယာ လည်း လုပ်ထားတယ်။ ပြောင်းဖူးခြံရော လုပ်ထားတယ်။

စက်ရုံကိုတောင်ရောင်းဖို့တောင်ပြောထားတယ်။ ဝယ်သူလည်းမရှိသေးဘူး။ အလုပ်မဖြစ်မှန်သိတော့ ဘယ်သူမှ လည်းမဝယ်ချင်းကြဘူး။ ရွှေဖီမရောင်ခင် တခြားသော ပွဲရုံဆီ ဆန်နဲ့ အောက်သုံးငွေတွေ ကြိုတောင်းလည်း မရဘူး။ ခါတိုင်း နှစ်ဆိုရင် ရွှေဖီဦးမတိုင်ခင်မှာ လက်ဖက်ခြံရှင်တွေကို ဆန်၊ ဆီ၊ ဆားတို ထောက်ပံ့ ပေးတာနိုင်ခဲ့ပါတယ်။ ဒီနှစ်အစကတည်းက အချိုခြောက်ဈေး အခြေအနေမကောင်းတော့ မပေးနိုင်ကြဘူး။ အနည်းအကျဉ်းပေးထားတာတော့ရှိပါတယ်။ ရှက်စိမ်း မဝယ်ဖြစ်တော့ အဲဒီအကြွေးတွေကို ပြန်မရသေးဘူး။

ပြီးခဲ့တဲ့နှစ်တုန်းက အချိုခြောက်ကို ကျောက်မဲမှာပို့ ထားတာရှိတယ်။ ပိဿာချိန်ပေါင်း (၈၀၀၀)ကျော်ရှိတယ်။ ခါးကန်နှောင်းပိုင်းလက်ဖက်တွေပဲဖြစ်ပါတယ်။ ဒီနှစ်ရွှေဖီချိန် မတိုင်ခင်လေးမှာပဲ ရောင်းထုတ်လိုက်တယ်။ အရင်း က (ထုတ်လုပ်ခပေါင်း) ၁၇၀၀ ကျပ်လောက်ကျပေမယ့် အခု ၁၃၀၀ ဈေးနဲ့ပဲ ရောင်းထုတ်လိုက်ရတယ်။ ငွေလည်း အကုန်မရ သေးဘူး။ သိန်း ( ၇၀ )ပဲ ရပါသေးတယ်။ ငွေအရမ်းခက်ခဲတယ်။

## ၆) လက်ဖက်စားသုံးသူ – အင်တာဗျူး အမှတ် ၀၁

ကျမကတော့ လက်ဖက်စိုဝယ်ပြီးမှ ကိုယ့်ဟာကို နှပ်စားတယ်။ အများအားဖြင့် လွယ်ငင်းလက်ကမှာ ဝယ်ပါတယ်။ ဆိုးဆေးဆိုတဲ့ အသံကြားတော့ ကြောက်မိသေးတယ်။ ရန်ကုန်၊ မန္တလေးတင်မကဘူး ဒီမှာလည်း ဂရက်တော်တော်

ရိုက်သွားတယ်။ ပိတ်ခိုင်းတဲ့ ဆိုင်တွေတောင်ရှိတယ်။ ခြိမ်းခြောက်တယ် ဝင်ပြီးစစ်ဆေး တာတော့မကြားဘူး။ သတင်းစာမှာပဲ ပါတာပါ။ တချို့ဆိုရင် ဆိုးဆေးအကြောင်းကို သိတောင် မသိပါဘူး။

ဒါပေမယ့် ကျမကတော့ကိုယ့်ဟာကို နှပ်စားတယ်ဆိုတော့ အန္တရာယ်ကင်းပါတယ်။ အကြံပြုချင် တာကတော့ လက်ဖက်ကောင်း စားချင်ရင် ဆိုးဆေးမသုံးဘဲ လုပ်ကြည့်ရမယ်၊ စားသုံးသူလည်းအကြိုက်တွေ့အောင် ပြောင်းလုပ်ကြည့်ပေါ့။ ဒါဆိုအားလုံး အဆင်ပြေမှာပါ။

## ၇) လက်ဖက်စားသုံးသူ – အင်တာဗျူး အမှတ် ဝ၃

နမ့်ဆန်မြို့နယ်မှာ အဓိကလက်ဖက်ထွက်ရှိရာ ဒေသဖြစ်တဲ့အတွက် ကိုယ့်ခြံထွက်လက်ဖက်ကိုသာ စားသုံးတာ များတယ်။ ရယ်ဒီမိတ်ကို ဝယ်ယူစားသုံးတာတော့ မရှိသလောက်ပါဘဲ။ အနည်းအကျဉ်းလောက်တော့ ရှိတယ်။ မန္တလေး၊ ရန်ကုန်၊ မြန်မာပြည်အောက်ပိုင်းသာ စားသုံးသူ အများဆုံးဖြစ်ပါတယ်။ ဥပမာ ရယ်ဒီမိတ် မဟုတ်တဲ့ပိသဿချိန်နဲ့ ဝယ်ယူစားသုံးတာမျိုးမရှိဘဲ အထုတ်ထုပ်ပြီးသာဖြစ်တဲ့ ရယ်ဒီမိတ်ကိုသာ ဝယ်ယူစား သုံးလေ့ရှိတယ်။

အစိုးရက လက်ဖက်စိုမှာ အဝါရောင်ဆိုးဆေးကြောင့် ကျန်းမာရေးထိစေနိုင်တယ်လို့ အတိအလင်း ကြေညာခဲ့ပေမယ့် နမ့်ဆန်နယ်သူ၊သားအတွက်တော့ အများအားဖြင့် စိုးရိမ်းခြင်း၊ ကြောက်ရွံ့ခြင်း၊ သိပ်မရှိကြတာ ကိုတွေ့ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုဘဲစားလာခဲ့တာ နှစ်ပေါင်းမနည်းတော့ပါဘူး။ အခုချိန်ထိ ဒီလက်ဖက် ဆိုးဆေးကြောင့် ကျန်းမာရေး ထိခိုက်ရတာမျိုး တစ်စုံတစ်ရာမတွေ့ရသလိုပါဘဲ။ တစ်ချို့သူတွေတော့ အနည်းငယ် စိုးရိမ်းမှုတွေတော့ ရှိကြတာတွေ့ရပါတယ်။

အဓိက ဝယ်ယူစားသုံးတဲ့တံဆိပ်ကတော့ အရီးတောင်၊ ရွှေပြည်စံ၊ ရွှေတုတ်၊ ဝါဆိုတွေပဲ ဖြစ်ပါတယ်။ စိုးရိမ်းသူ တစ်ချို့တွေက အထုတ်ထုပ်ပြီးသာ လက်ဖက်ထုတ်ကို ထပ်ဝယ်ယူစားသုံးဖို့ တွန့်နေပေမယ့် တစ်ချို့ကျတော့ ဝယ်စားစမြဲပါပဲ။ ဒီလက်ဖက်စိုထဲမှာ ဘာဆေးမှမထည့်ဘဲ သဘာဝအရောင်ကို အသုံးပြုရင် ပိုကောင်းပါတယ်။ ဒါပေမယ့် အရောင်လှ အောင်ဆေးထည့်မယ်ဆိုရင်တောင် စားသုံးလို ရတဲ့ဆေးမျိုး ထည့်သင့်ပါတယ်။

## ၈) လက်ဖက်ကုန်သည် – အင်တာဗျူး အမှတ် ဝ၅

ကျနော်တို့ အရင်တုန်းဆိုရင် အော်ရမင်အိုဆိုတဲ့စကားလုံးကို မကြားဖူးသူတွေများတယ်။ အရင်က အခေါ်အဝေါ် ကတော့ အဝါရောင်ဆိုးဆေးလို့ပဲ သိထားပါတယ်။ အဝါရောင်ဆိုးဆေးမှာလည်း (၂) မျိုးရှိပါတယ်။ တမျိုးက အဝတ် အထည်ထဲ အသုံးပြုဖို့၊ နောက်တမျိုးကတော့ စားသောက်ကုန်ထဲသုံးတဲ့ဆိုးဆေးဖြစ်ပါတယ်။ အဝါရောင် ဆိုးဆေး ကိုတော့ အသုံးပြုတယ်။ ဒါပေမယ့် အဝါရောင်ဆိုးဆေးထဲမှာ အော်ရမင်အို ဓာတ်ပါနေ တယ်ဆိုတာ လုံးဝ မသိခဲ့ပါဘူး။

အပွင့်လင်းဆုံးပြောရမယ်ဆိုရင် ဆိုးဆေးနှစ်မျိုးထဲမှာ နှစ်မျိုးစလုံးကိုအသုံးပြုခဲ့ဖူးပါတယ်။ ဒါပေမယ့် အများဆုံးသုံး တာကတော့ အဝတ်အထည်ထဲထည့်တဲ့ အဝါဆိုးဆေးကို အသုံးပြုတာ များပါတယ်။ အဲဒီဆေးကို သုံးရခြင်း အကြောင်း နှစ်မျိုးရှိပါတယ်။

ပထမအချက်ကတော့ အဝါဆိုးဆေးဆိုပြီး အတူတူပဲလို့ ကျနော်တို့ထင်ခဲ့ပါတယ်။ ဘယ်ဟာပဲသုံးသုံး အတူတူ ပဲဆိုတော့ အသုံးပြုလို့ရတယ်ပေ့ါ။ ဈေးနှုန်းပေါ် မူတည်ပြီးဝယ်သုံးရတာပဲ။ စစ်အစိုးရ ဒီဆိုးဆေးကို စားသောက်ကုန်ထဲသုံးလို့ မရဘူး။ အော်ရမင်အိုဓာတ်ပါသလို လူတွေရဲ့ ကျန်းမာရေးကိုထိခိုက်စေတယ်၊ စတာတွေ စတင်သုံးစွဲကတည်းက စစ်အစိုးရက ကြိုတင်အသိပေးခြင်း၊ ကျန်းမာရေးအရစစ်ဆေးပေးခြင်း တစုံတရာမရှိခဲ့ပါဘူး။ ကျနော်တို့လည်း ကျန်းမာရေး ထိခိုက်နိုင်လို့ လုံးဝမသိခဲ့ဘူး။ ကျနော်တို့သုံးလာတာလဲ နှစ်ပေါင်း(၂၀)ကျော်နေတာတောင် စစ်အစိုးရက ဒီဆိုးဆေးဟာ မသုံးသင့်တဲ့ဆေး ဖြစ်တယ် ဆိုတာ ဘယ်တုန်းကမှ အသိပေးပြောကြားခြင်းမရှိတော့ ဆက်လက်အသုံးပြု လာတာပဲ။

ဒုတိယအချက်ကတော့ ဒီအဝါရောင်ဆိုးဆေးဟာ တခြားဆိုးဆေးတွေထက် ဈေးသက်သာတာ တပိုင်း၊ တစ်ပေါင် သုံးရင် လက်ဖက် (၄) အိတ်လောက် အဆိုးခံတယ်။ တခြားဆိုးဆေးတွေကျတော့ ဈေးနှုန်းက ထက်ဝက် လောက်ကြီးတဲ့အပြင် တစ်ပေါင်ကို လက်ဖက်(၂)အိတ်လောက်သာ အဆိုးခံတယ်လို့နမ့်ဆန်ပွဲစားကြီးတဦးကပြောပါတယ်။

ယခင်က သုံးစွဲလာခဲ့တာ ကြိုတင်အသိပေးခြင်းမရှိဘဲ ဘာကြောင့် အခုမှ စစ်အစိုးရတွေ လျှပ်တပြတ် ကြေငြာ လိုက်လဲဆိုတာ စိတ်ဝင်စားစရာကောင်းပါတယ်။ အခုလို ဘာမှ ညှိနှိုင်းဆွေးနွေးမှု မရှိဘဲ လျှပ်တပြတ် ကြေညာ လိုက်ခြင်းဟာ လက်ဖက်လုပ်ငန်းရှင်၊ လက်ဖက်ခြံပိုင်ရှင်၊ လက်ဖက်နဲ့ ပတ်သက်ပြီး အသက်မွေးဝမ်းကျောင်း ပြုကြတဲ့ သူတွေကိုသာ

အရမ်းကိုနစ်နာပါတယ်။ စားသုံးသူတွေ မစားရဲတော့ဘဲ နယ်ဘက်တွေမှာ အရောင်း အဝယ်ပြုလုပ်တဲ့ ကိုယ်စားလှယ်တွေပါ အရောင်းအဝယ်ကို ရပ်ဆိုင်းပြီး လက်ဖက်ဈေးလည်း တဟုန်းထိုး လျော့ကျလာပါတယ်။

**(ခ) မှီငြမ်းကိုးကားသည့်စာတမ်းများ**

၁) လူတွေ့မေးမြန်းချက်များ
၂) မယ်တို့ပလောင်အကြောင်းသိကောင်းစရာ – မိုင်းအုဏ်းခိုင်
၃) ခေတ်ပြိုင် အွန်လိုင်းမဂ္ဂဇင်း
၄) မဇ္ဈိမ အွန်လိုင်းမဂ္ဂဇင်း
၅) ရောဝတီ အွန်လိုင်းမဂ္ဂဇင်း
၆) နအဖ မြန်မာ့အလင်းသတင်းစာ


## aus;Z,lrSwfwrf,fvmT

**"လက်ဖက်ဖျက်ပိုး"**အစီရင်ခံစာတွင် လက်ဖက်ပြဿနာနှင့် စပ်လျဉ်း၍ နအဖ စစ်အုပ်စု၏ လိမ်လည်လှည့်ဖျားသည့် တဘက်သတ်ကိုင်တွယ်မှုကြောင့် ဒုက္ခ အမျိုးအမျိုးနှင့် ရင်ဆိုင်နေကြရသော လက်ဖက်တောင်သူများ၊ လက်ဖက် လုပ်ငန်း ရှင်များ၊ လက်ဖက်စားသုံးသူများနှင့် သက်ဆိုင်ရာ အာဏာပိုင်တို့၏ အသံကို နည်းလမ်းအမျိုးမျိုးဖြင့် စွန့်စား၍ကောက်ခံခဲ့ကြသော တအာင်း (ပလောင်) အလုပ်အဖွဲ့မှ လူငယ်မောင်မယ်များကို ပထမဦးစွာ ကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါသည်။ အစီရင်ခံစာဖြစ်မြောက်ရန်အတွက် အဘက်ဘက်မှ ကူညီပံ့ပိုးပေးကြသူများ၊ ကူညီဆောင်ရွက်ပေးကြသူများ၊ စစ်တမ်းကောက်ရန် ရံပုံငွေအပြင် အကြံကောင်းများပါ ထောက်ပံ့ကူညီပေးသည့် BRC နှင့် မိမိတို့ ခံစား ချက်များ ကို ရဲဝံ့စွာထုတ်ဖော်ပြောဆိုခဲ့ကြသော ပလောင် မိဘပြည်သူများ အားလုံးကို အလေးအနက် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**ရည်ညွှန်းချက်** (ဝဲမှယာသို့)

**ရှေ့မျက်နှာဖုံးပုံ** – လက်ဖက်ခြောက်အတွက် လက်ဖက်လှန်းနေသည့်တောင်သူများ၊ လက်ဖက်ခြံထဲမှ ကလေးငယ်၊ ဖျက်ဆီးမည့်လက်ဖက်များ၊ အရသာကောင်းလက်ဖက်ထွက်သည့် ပလောင်တောင်တန်းပြာ။

**နောက်မျက်နှာဖုံးပုံ** – လက်ဖက်ဖျက်မည့်အာဏာပိုင်တို့စုဝေးရာ (နမ့်ဆန်)၊ လက်ဖက်ကုန်သည်ပေါက်စ လက်ဖက်ဝယ်နေစဉ်၊ ဖျက်ဆီးမည့်လက်ဖက်များ၊ လက်ဖက်တောင်သူများ လက်ဖက်ခူးသွားစဉ်။



**တအာင်း (ပလောင်) လုပ်ငန်းအဖွဲ့**

ဆက်သွယ်ရန် လိပ်စာ
P.O Box 191 , Maesod P.O
Maesod, Tak Province 63110 Thailand
Phone: (66) 084 817 2525, (66) 084 817 3936